၁၆၈

# စေ့စပ်ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ကျေညာချက်

နှင့်

## ဥက္ကဋ္ဌ သခင်ဗသိန်းတင် မိန့်ခွန်း

၁၉၈၁ ခု ဇွန်လ ၁၄ ရက်

စေ့စပ်ဆွေးနွေးပွဲကို စစ်အစိုးရက
တဖက်သတ် ဖျက်ဆီးပစ်လိုက်ခြင်းနှင့် ပတ်သက်၍
ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏
တိုင်းပြည်သို့ ထုတ်ပြန်ကျေညာချက်။

[ ၁ ]

ရဲဘော်တို့။

မိတ်ဆွေတို့။

ပြည်သူလူထုအပေါင်းတို့။

မျက်မှောက် နိုင်ငံတကာ့ အခြေအနေသည် တနေ့တခြား ပိုမို တင်းမာလာလျက်ရှိသည်။ တတိယကမ္ဘာစစ်ဖြစ်စေမည့် အခြေအနေ အချက်အလက်များသည် တနေ့တခြား ပိုမို များပြားလာလျက် ရှိသည်။ တတိယ ကမ္ဘာစစ်ကို ဖြစ်စေရန် မီးမွှေးနေသော တရားခံ များမှာ ကမ္ဘာ့ဗိုလ်ကြီး ၂ ဗိုလ် ဖြစ်သော ဆိုဗီယက်ဆိုရှယ်နယ်ချဲ့နှင့် အမေရိကန် နယ်ချဲ့တို့ပင် ဖြစ်သည်။ အထူးသဖြင့် ဆိုဗီယက်ဆိုရှယ် နယ်ချဲ့သည် ပိုမို၍ကျူးကျော်လိုသူ၊ ပိုမို၍အရဲစွန့်လိုသူဖြစ်၍ အဓိက အန္တရာယ်ပေးနေသူ ဖြစ်ပေသည်။ ဆိုဗီယက် ဆိုရှယ်နယ်ချဲ့သည် ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အာဖဂန်နစ်စတန်ကို စစ်အင်အား တသိန်းဖြင့် ပြောင် ကျူးကျော် ဝင်ရောက်ပြီး သိမ်းပိုက်ခဲ့သည်။ အရှေ့တောင်အာရှတွင် ဗိုလ်ကလေးလုပ်လိုသည့် ဗီယက်နမ်ကလည်း ဆိုဗီယက်ဆိုရှယ်နယ်ချဲ့၏အလိုကျ ကမ်ပူးကဲ့ကို ဝင်ရောက်သိမ်းပိုက် ခဲ့သည်။ ဤသည်များနှင့် တဆက်တည်း ဆိုဗီယက် ဆိုရှယ် နယ်ချဲ့သည် ၎င်း၏ ကမ္ဘာကို ဗိုလ်ကျစိုးမိုးရေး သေနင်္ဂဗျူဟာကို အကောင်အထည် ဖော်ရန်အတွက် ကမ္ဘာ့ နေရာ အနှံ့အပြားတွင်

ရေတပ်၊ လေတပ် အခြေခံစခန်းများကို တိုးချဲ့ဆောက်လုပ်လျက်ရှိသည်။ ဤကဲ့သို့သော အခြေအနေတွင် အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှ၏ အခြေအနေသည် ပို၍ မငြိမ်မသက် ဖြစ်လာလျက်ရှိသည်။ အရှေ့တောင်အာရှ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဆိုဗီယက် ဆိုရှယ်နယ်ချဲ့နှင့် ဗီယက်နမ် ဗိုလ်ကျစိုးမိုးရေးသမားတို့က ဆိုးဆိုးဝါးဝါး ခြိမ်းခြောက်လျက်ရှိသည်။ ဤကဲ့သို့သော နိုင်ငံတကာ့ အခြေအနေတွင် ဗမာပြည်ရှိ လူမျိုးပေါင်းစုံပြည်သူလူထုသည် မိမိတို့၏ အကျိုးစီးပွားများအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူလူထုကြီးနှင့် လက်တွဲပြီး နယ်ချဲ့စနစ်နှင့် ဗိုလ်ကျစိုးမိုးရေးဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြရန်၊ အရှေ့တောင်အာရှ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းကာကွယ်ကြရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်း ကာကွယ်ကြရန် အထူးတလည် လိုအပ်လာပြီ ဟူ၍ ဗမာပြည် ကွန်မြူနစ်ပါတီက ယူဆပေသည်။

ဗမာပြည်၏ ပြည်တွင်းအခြေအနေကိုကြည့်လျှင် အုပ်စိုးသူလူတန်းစားက ဖန်တီးခဲ့သော ဖောက်ပြန်သည့် ပြည်တွင်းစစ်သည် ၃၃ နှစ်ကျော် ကြာရှည်ခဲ့ပေပြီ။ ဤကာလအတွင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီကို 'အပြုတ်-ချေမှုန်းပစ်မယ်' ဟု ကြုံးဝါးကာ အရှုံးအမူး တိုက်ခိုက်ခဲ့ သူများသာ ကျဆုံးခဲ့ကြသည်ချည်း ဖြစ်သည်။ အုပ်စိုးသူ လူတန်းစား၏ ဖောက်ပြန်သော ပြည်တွင်းစစ်ပေါ်လစီအပါအဝင် ဖောက်ပြန် မှားယွင်းသော လမ်းစဉ် ပေါ်လစီအရပ်ရပ်ကြောင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးစသည့် ဘက်အသီးသီးတွင် အကြပ်အတည်း ပေါင်းစုံ ဆိုက်လျက် ရှိပေသည်။ ကုန်ပစ္စည်းရှားပါး၊ ငွေစက္ကူတန်ဘိုးကျဆင်း၊ စားသုံးကုန်ဈေးနှုန်း

ကြီးမြင့်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိသည့်အတွက် ပြည်သူလူထု၏ နေ့ထိုင်စားသောက်မှု ဘဝသည် အလွန်အမင်း ကြပ်တည်းလှပေသည်။ အလုပ်လက်မဲ့များလည်း တိုးများလာလျက်ရှိသည်။ စစ်အစိုးရက 'စီးပွားရေး ဦးမော့လာပြီ'ဟု ကြွားဝါနေချိန်တွင် ပြည်သူလူထု ရောမ အများစုကြီး၏ စားဝတ်နေရေးမှာ ပိုမို ကြပ်တည်းလျက် ရှိပေသည်။ထို့ကြောင့်ပင်လျှင် ပြည်သူတို့က 'စစ်အစိုးရရဲ့ စီးပွားရေး ဦးမော့လာလို့ ပြည်သူတွေရဲ့ နေထိုင်မှုဘဝဆိုတဲ့ ပုံပိုင်းကတော့ နစ်နေရပြီ'ဟု အဓိပ္ပာယ်ရသော 'ဦးမော့လို့ ပဲ့နစ်နေပြီ' ဆိုသည့် စကားကို လှောင်ပြောင် ပြောဆိုနေကြခြင်း ဖြစ်ပေသည်။ လက်တွေ့တွင်လည်း ဤအတိုင်းပင် ဖြစ်သည်။ စစ်အစိုးရဘက်က သတ်မှတ်စပါးကို ပြည့်မှီ ကျော်လွန်အောင် ဝယ်ယူ ရရှိခြင်းသည် လယ်သမားများအတွက်မူ ပိုမိုများပြားသော စပါးများကို ဝမ်းစာ မချန် ပုတ်လှန် ကျီလှန် လုယူ ခံလိုက်ရခြင်းပင် ဖြစ်သည် မဟုတ်ပါလော။

ပြည်သူတို့၏ နိုင်ငံရေးဘဝဘက်တွင်ဆိုပါကလည်း စစ်တပ်ပါတီ (မ ဆ လ) တပါတီ အာဏာရှင် စနစ်ကြောင့် ဒီမိုကရေစီ အခွင့်အရေးများ ဆိတ်သုဉ်းလျက် ရှိပေသည်။ လွတ်လပ်စွာ ပြောဆိုရေးသား ပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာ စုဝေးစီတန်းလှည့်လည်ခွင့်၊ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်း လုပ်ဆောင်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသော အခြေခံ ဒီမိုကရေစီအခွင့်အရေးများကို ပိတ်ပင်ခံရလျက် ရှိပေသည်။ နေရာတကာတွင် မ ဆ လ ပါတီနှင့် ၎င်းပါတီ၏ အစွယ်အပွား အဖွဲ့အစည်းများ၊ ကောင်စီများ စသည်တို့ကသာ ကြီးစိုး မင်းမူလျက်ရှိသည်။ အမျိုးသားသွေးစည်းညီညွတ်မှုမှာလည်း ပြိုကွဲလျက် ရှိသည်။ ယခုအခါတွင် စစ်အစိုးရကို

တိုင်းရင်းသား လူမျိုးတိုင်းလောက်က ဆက်နက်ကိုင်ပြီး တိုက်နေကြသည် မဟုတ်ပါလော။

ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုစသည့် ဘက်အသီးသီးတွင်လည်း မကြုံဘူးအောင် ဆုတ်ယုတ်ပျက်ပြားနေပေသည်။ ဤသို့ ဆုတ်ယုတ်ပျက်ပြားနေခြင်းကို သမာသမတ်ရှိသော ပုဂ္ဂိုလ်များက အသိအမှတ်ပြုကြရုံမက တခါတရံတွင် စစ်အစိုးရအသိုင်းအဝိုင်းထဲက ပင်လျှင် ဝန်ခံနေရသည် မဟုတ်ပါလော။

အထက်တွင်ဖော်ပြခဲ့သော ပြည်တွင်းပြည်ပ အခြေအနေများကို ထောက်ထား၍ရင်း၊ ဗမာပြည်ရှိ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး၏ အရင်းခံ အကျိုးစီးပွားကို မြော်ကိုး၍ရင်း ဗမာပြည် ကွန်မြူနစ်ပါတီသည် စစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် စောစောကတည်းက ဆုံးဖြတ်ထားခဲ့ပေသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးကြရာတွင်

၁။ ပြည်တွင်းစစ် ရပ်စဲပြီး ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေး၊
၂။ ပြည်သူလူထုအား ဒီမိုကရေစီ အခွင့်အရေး အပြည့်အဝ ပေးရေး၊
၃။ အမျိုးသား သွေးစည်းညီညွတ်ရေး၊
၄။ ပြည်သူလူထု၏ နေထိုင်စားသောက်မှုအဝ မြှင့်တင်ရေး၊
၅။ ကမ္ဘာ့ ဗိုလ် ၂ ဗိုလ် ဆန့်ကျင်ရေး၊ အထူးသဖြင့် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့ကို ဆန့်ကျင်ရေး၊
၆။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်း ကာကွယ်ရေး ဟူသော ပြဿနာကြီး (၆)ရပ်ကို တင်ပြဆွေးနွေးသွားရန်၊ အဓိက ပြဿနာအဖြစ် ပြည်တွင်းစစ်ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးကို စတင် ဆွေးနွေးရန် သဘောထားရှိခဲ့ပေသည်။

## [၂]

၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးနေဝင်းထံသို့ "ပြည်တွင်းစစ်ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးကြရန် ကမ်းလှမ်းချက်" ကို တရားဝင် ပေးပို့ခဲ့သည်။ ယင်းစာကို စစ်အစိုးရက စက်တင်ဘာလ ၂၄ ရက်နေ့တွင် လက်ခံရရှိခဲ့သည်။

အထက်ဖော်ပြပါ တရားဝင် ကမ်းလှမ်းချက်ကို ဗမာပြည်ကွန်မြူနစ်ပါတီသည် စစ်အစိုးရက ထုတ်ပြန်ထားသော "လွှတ်ငြိမ်းချမ်းသာခွင့်" ဆိုသည့် အမိန့် ကုန်ဆုံးပြီးသည့်အခါတွင်မှ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းစစ် တရားခံဖြစ်သော စစ်အစိုးရက သူ့ကိုယ်သူ တရားသူကြီးအရာတွင်ထားပြီး ကွန်မြူနစ်များနှင့် လက်နက်ကိုင် တော်လှန် တိုက်ခိုက်နေသူများကို တရားခံများအဖြစ် သဘောထားကာ အထက်စီးမှနေပြီး ထုတ်ပြန်ခဲ့သော "လွှတ်ငြိမ်းခွင့်" အမိန့်ဖြစ်သဖြင့် ယင်းကို လက်မခံ အသိအမှတ်မပြုကြောင်းကို ဖော်ပြသည့် အနေဖြင့် ယင်းအမိန့် ကုန်ဆုံးပြီးသည့် အချိန်အထိ အချိန်စောင့်ကာ ကမ်းလှမ်းစာ ပေးပို့ခဲ့ခြင်းဖြစ်သည်။

"တွေ့ဆုံဆွေးနွေးပွဲ" ဖြစ်မြောက်ရေးအတွက် အလေးထားပြီး ဗမာပြည်ကွန်မြူနစ်ပါတီသည် အရေးပါသည့် လိုက်လျောချက်များ ပြုခဲ့ပေသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် စစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးပွဲကို ပြည်တွင်းပြည်ပ ပြည်သူလူထု၏ မျက်မှောက်တွင် ပြောင်အတိအလင်း တွေ့ဆုံဆွေးနွေးလိုသောဆန္ဒ ရှိခဲ့ပေသည်။ သို့မှ

သာလျှင် ပြည်သူလူထု၏ ဝေဖန်ကြီးကြပ်ခြင်းကို ရရှိပြီး ပိုမိုကောင်းမွန်သော အကျိုးဆက်များ ရရှိနိုင်မည်ဟု ယုံကြည်ပေသည်။ သို့သော်လည်း စစ်အစိုးရဘက်က ပြောင်အတိအလင်း တွေ့ဆုံ ဆွေးနွေးရမည်ကို အကြောက်ကြီးကြောက်နေသဖြင့် တွေ့ဆုံ ဆွေးနွေးပွဲ ဖြစ်မြောက်စေရေးကို အဓိကထားကာ စစ်အစိုးရဘက်က လက်ခံနိုင်မည့် 'လျှို့ဝှက် ဆွေးနွေးကြပြီး အောင်မြင်သော အခါတွင် တိုင်းပြည်သို့ ထုတ်ပြန်ရန်' ဟူသော အဆိုပြုချက်ကို လက်ဦးမှုယူ၍ တင်ပြခဲ့သည်။ ဤသို့ဖြင့် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးကို အတားအဆီးဖြစ်စေမည့် အတားအဆီးတခုကို ဖြတ်ကျော်ခဲ့သည်။

နောက် အတားအဆီးတခုမှာ တွေ့ဆုံဆွေးနွေးပွဲ လုပ်နေစဉ် အတွင်း နှစ်ဖက်စလုံးမှ အပစ်အခတ် ရပ်ဆိုင်းထားကြရန် ဟူသော ပြဿနာ ဖြစ်သည်။ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် "နှစ်ဖက် အပစ်အခတ် ရပ်ဆိုင်းထားရေး" အဆိုကို ဗမာပြည် ကွန်မြူနစ်ပါတီဘက်မှ တင်ပြခဲ့သည်။ မဆလ စစ်အစိုးရဘက်က ဤကိစ္စကို ချက်ချင်း အဖြေမပေးသေးဘဲ သူတို့၏ 'တပ်မှူးကြီးများနှင့် ဆွေးနွေးပြီးမှ အဖြေပေးပါရစေ' ဟု ပြောခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီက 'အပစ်အခတ် ရပ်ဆိုင်းထားရေး' သည် အရေးကြီးသည်ဟု ယူဆပေသည်။ နှစ်ဖက် ဆွေးနွေးနေစဉ်ကာလ အတွင်းတွင် စစ်မြေပြင်၌ သူသေကိုယ်သေ ရင်ဆိုင် တိုက်ခိုက်နေကြသော တပ်များအဖို့ သေကြေဒဏ်ရာရမှုများ ရပ်ဆိုင်းသွားမည်။ 'ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး' အကောင်အထည်ဖော်ရေးအတွက် ကောင်းမွန်သော အလားအလာနှင့် ငြိမ်းချမ်းရေး လေထုကို ဖြစ်ပေါ်စေလိမ့်မည်ဟု ယုံကြည်ပေသည်။ သို့သော် စစ်အစိုးရက "နှစ်ဖက် အပစ်အခတ် ရပ်ဆိုင်းထားရေး" ကို မလိုလားပေ။ ချက်ချင်း ငြင်းရန်ခက်၍သာ

သူ့တပ်မှူးကြီးများနှင့် ဆွေးနွေးပြီးမှ အဖြေပေးမည်ဟု ပြောခဲ့ခြင်း ဖြစ်သည်။ ဤသို့ ပြောပြီး မကြာမီ ၃-ရက် ၄-ရက်အတွင်းမှာပင် စစ်အစိုးရက အဖြေပေးသည့် စာ ပေးပို့လာသည်။ ယင်းစာတွင် "အပစ်အခတ် ရပ်ဆိုင်းထားရေး" အဆိုကိုလက်မခံနိုင်ကြောင်း၊ ဤသို့ လုပ်လျှင် ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်သည့် ပြည်သူ့ တပ်မတော်နှင့် ဗမာပြည် ကွန်မြူနစ်ပါတီရှိရာ နေရာဒေသများကို အသိအမှတ်ပြုရာရောက်သွားမည့်အကြောင်း၊ သူတို့တပ်၏ လှုပ်ရှား မှုကို အချုပ်အချယ်မခံနိုင်ကြောင်း စသဖြင့် ပြန်ကြားခဲ့ပေသည်။

ဤ အကြောင်း ပြန်ကြားချက်၏ အတွင်းသဘောသည် 'ပြည်တွင်းစစ်ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှု' အတွက် အကျိုးမပြုရုံမျှမက စစ်အင်အားဖြင့်သာ ဖိနှိပ်လိုသည့် တင်းမာသည့် သဘောထားများပါရှိကြောင်းမှာ အထူးပင် ပေါ်လွင် လှပေသည်။ သို့သော် ဗမာပြည် ကွန်မြူနစ်ပါတီသည် တွေ့ဆုံဆွေး နွေးပွဲ ဖြစ်မြောက်ရေးအတွက် လိုက်လျောမှုပြုခဲ့ပေသည်။ နှစ်ဖက် အပစ်အခတ် ရပ်ဆိုင်းထားရေးကို စစ်အစိုးရက လက်မခံနိုင်သေး သည့်တိုင် ယနေ့ နိုင်ငံတကာ့ အခြေအနေအရရင်း၊ အမျိုးသား အသီးသီး ပြည်သူတို့၏ အရင်းခံ အကျိုးကျေးဇူးကို ထောက်ထား ၍ရင်း ဗမာပြည် ကွန်မြူနစ်ပါတီသည် တဖက်က စစ်တိုက်ရင်း တဖက်တွင် တွေ့ဆုံ ဆွေးနွေးသွားရန် သဘောတူကြောင်း၊ ကိုယ် စားလှယ်အဖွဲ့ စေလွှတ်မည့်အကြောင်း အကြောင်းပြန်လိုက်သည်။ ဤသို့ဖြင့် အတားအဆီးတခုကို ဖြတ်ကျော်လိုက်ရပြန်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီသည် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက် ရေးကိုသာ ဦးတည်သည့်အလျောက် စေ့စပ်ဆွေးနွေးပွဲလုပ်မည့်နေရာ၊ ကိုယ်စားလှယ် ရွေးချယ်မှုတို့နှင့် ပတ်သက်၍ မည်သို့မျှ ကန့်သတ်

ချက် မထားခဲ့ပေ။ နှစ်ဖက်ဆွေးနွေးပွဲကို ဗမာပြည်ကွန်မြူနစ်ပါတီ၏ လွတ်မြောက်သည့်ဒေသတွင် လုပ်မည်ဆိုက လက်ခံသည်။ စစ်အစိုးရ ဒေသတွင် လုပ်မည်ဆိုကလည်း မပစ်ပယ်။ တတိယ တနေရာတွင် လုပ်မည်ဆိုလျှင်လည်း မငြင်း ဟူ၍ သဘောထားခဲ့သည်။ ကိုယ်စား လှယ် ရွေးချယ်မှုတွင်လည်း မဆလဘက်မှ ရွေးချယ်စေလွှတ်သူဆိုလျှင် မည်သူနှင့်မဆို ဆွေးနွေးမည်ဟု သဘောထားခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီက ပြည်သူလူထု၏ အရင်းခံ အကျိုးစီးပွားကို ထောက်ထားကာ ဤမျှ လိုက်လျောမှုပြုခဲ့၍လည်း ဆွေးနွေးပွဲ ဖြစ် မြောက်ခဲ့ခြင်း ဖြစ်ပေသည်။

## [၂]

ဗမာပြည် ပြည်တွင်းစစ် ပြဿနာသည် အရင်းစစ်လိုက်လျှင် နိုင်ငံရေးပြဿနာပင် ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစစ်ပြဿနာကို ဖြေရှင်းလိုလျှင် နိုင်ငံရေးအရသာ ဖြေရှင်းရပေလိမ့်မည်။ ၃၃နှစ်ကျော် တဖက်နှင့်တဖက် အကြိတ်အနယ်တိုက်ခိုက်လာသော ပြည်တွင်းစစ်ကို ရပ်စဲလိုလျှင် နှစ်ဦး နှစ်ဖက်၊ တန်းတူ ရည်တူ၊ စိတ်ရှည် လက်ရှည်၊ ဖြောင့်မတ်ပွင့်လင်းစွာ အကျိုးသင့်အကြောင်းသင့် ပြောဆိုဆွေးနွေး ရမည်။ အပေးအယူလုပ်ကာ စေ့စပ်ဆွေးနွေးရမည်ဟု ဗမာပြည် ကွန်မြူနစ်ပါတီက ယူဆပေသည်။ သို့သော် မဆလ စစ်အစိုးရဘက်ကမူ ၃၃ နှစ်ကျော် စစ်မြေပြင်တွင် တိုက်ယူ၍ မရခဲ့သော အချက်များကို စေ့စပ်ဆွေးနွေးရေး စားပွဲပေါ်တွင် ရယူရန် အချည်းနှီး ကြံစည်ခဲ့ ပေသည်။ သူတို့ပြောသည့်အတိုင်း မဖြစ်လျှင် စေ့စပ်ဆွေးနွေးပွဲကို တဖက်သတ်ဖျက်ဆီးပစ်ရန် ကြိုတင်မြင်ဆင်ပြီးမှ စေ့စပ်ဆွေးနွေးပွဲသို့

ကိုယ်စားလှယ် စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ ဤသည်ကို သူတို့၏လုပ်ရပ်များက အထင်အရှား သက်သေခံနေပေသည်။

မဆလ စစ်အစိုးရသည် သူတို့ရေးဆွဲထားသော 'ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဘောင်အတွင်းမှာသာ လုပ်နိုင်ခွင့်ရှိသည်'ဟု ပြောကာ 'ဗမာပြည်ကွန်မြူနစ်ပါတီ ဖျက်သိမ်းရေး'၊ 'ပြည်သူ့တပ်မတော် ဖျက်သိမ်းရေး'၊ 'လွတ်မြောက်သည့်ဒေသ ဖျက်သိမ်းရေး' တို့ကို တောင်းဆိုခဲ့ပေသည်။ နေဝင်းစန်းယု စစ်အုပ်စုက သူတို့ရေးဆွဲထားသည့် 'ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ'ဆိုသည့် စာအုပ်ကို မဖျက်ကောင်း မပြင်ကောင်းသည့် အထွဋ်အမြတ် ပစ္စည်းတခုအဖြစ် ပြောဆိုနေကြခြင်းမှာ ဗမာပြည် နိုင်ငံရေးလောက၏ ရယ်စရာ အကောင်းဆုံး ပြက်လုံးတခုပင် ဖြစ်ပေတော့သည်။ ဤ စစ်အုပ်စုသည်ပင် တခါက ဖဆပလ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို 'အသက်ပေး၍ ကာကွယ်မည်'ဟုရင်း၊ 'သစ္စာကို စောင့်သိရိုသေပါမည်' ဟုရင်း သစ္စာပြုခဲ့ကြသည်။ သို့သော် သူတို့၏လိုအင်ဆန္ဒနှင့် မကိုက်ညီသောအခါတွင် ထိုစာအုပ်ကို နေ့ချင်းညချင်း စက္ကူစုတ်ဖြစ်အောင် လုပ်ပစ်ခဲ့ကြပေသည်။ ယခုကျမှ မဆလ စစ်တပ်ပါတီ တပါတီအာဏာရှင်စနစ်ကို ဖော်ထုတ်ထားသည့် အခြေခံဥပဒေ စာအုပ်ကို အဘယ်အတွက်ကြောင့် မပြင်နိုင် မဖျက်နိုင် ရှိရမည်နည်း။ ပြည်တွင်းစစ်ကို တကယ်တမ်း ရပ်စဲလိုလျှင်၊ ပြည်တွင်းငြိမ်းချမ်းရေး အစစ်အမှန်ကို တကယ်တမ်း လိုလားလျှင်၊ အမျိုးသား သွေးစည်းညီညွတ်မှုကို တကယ်တမ်း အကောင်အထည် ဖော်လိုလျှင် စစ်အုပ်စုက ရေးဆွဲပြီး ဒါးမိုးကာ အတည်ပြုထားသော 'ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ' ဆိုသည်ကို ပယ်ဖျက်ပစ်နိုင်ရပေမည်။ မ ဆ လ တပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး၊ ပြည်သူလူထုကြီးကို ဒီမိုကရေစီ

အခွင့်အရေး အပြည့်အဝပေးသော၊ ပြည်သူများကိုယ်တိုင် လွတ်လွတ်လပ်လပ်ရေးဆွဲကာ အတည်ပြုသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲရပေလိမ့်မည်။

စစ်အစိုးရက သူတို့၏အခြေခံဥပဒေကို 'ပြည်သူတွေက ဆန္ဒပေး အတည်ပြုထားတာ'၊ 'ရာခိုင်နှုန်း ၉၀ ကျော်က ဆန္ဒပေး အတည်ပြုထားတာ' စသဖြင့် သူတို့၏ မဆလ တပါတီအာဏာရှင်စနစ် အခြေခံဥပဒေကို ကာကွယ်ပြောဆိုကြသည်။ ကမ္ဘာပေါ်တွင် အာဏာသိမ်းစစ်အစိုးရက ရေးဆွဲပြီး၊ ပြည်သူ့ဆန္ဒ တောင်းခံသည် ဆိုသော မည်သည့်'အခြေခံဥပဒေ'သည် ထောက်ခံမဲ ၉၀ရာခိုင်နှုန်းကျော်မရဘဲ ရှိခဲ့ဘူးပါသနည်း။ ထောက်ခံမဲ ၉၀ ရာခိုင်နှုန်းကျော် ရကြသည်ချည်းသာ ဖြစ်သည်။ အရှက်အနည်းဆုံး အာဏာသိမ်း စစ်အစိုးရဆိုလျှင် ၉၉.၉၉ ရာခိုင်နှုန်းက ထောက်ခံမဲပေးကာ အတည်ပြုသည်ဟူ၍ပင် ကျေညာကြသည် မဟုတ်ပါလော၊ ၁၀၀ ရာခိုင်နှုန်းပြည့်ထောက်ခံဆန္ဒမဲပေးသည်ဟု ဆိုလျှင် လူရယ်စရာဖြစ်မည်။ ဆန္ဒပေးပွဲလုပ်သည့်နေ့တွင် တနိုင်ငံလုံး အရွယ်ရောက်သူဘိုင်း ဒေါင်ဒေါင်မြည်ကျန်းမာနေကြသည်ဟု ဆိုရာရောက်သဖြင့် မယုံစရာဖြစ်မည်စိုး၍သာ ရာနှုန်းပြည့် ထောက်ခံမဲ ရသည်ဟု မကျေညာကြခြင်းဖြစ်သည်။ ဗမာပြည် စစ်အစိုးရအဖို့လည်း အခြားအခြားသော ဖောက်ပြန်ရေး အစိုးရများ နည်းတူ လိုချင်သပဆိုလျှင် ထောက်ခံမဲ ၉၉.၉တော့ ရအောင်ဖန်တီးနိုင်မည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ၉၀.၁၉ ရာခိုင်နှုန်းနှင့် တင်းတိမ် ရောင့်ရဲလိုက်ခြင်းသာ ဖြစ်ပေလိမ့်မည်။ အတိုက်အခံပါတီများ၏ မျက်စိဒေါက်ထောက်ပြီး စောင့်ကြည့်မှု ခံနေရသည့် ပါလီမန် အစိုးရသည်ပင်လျှင် ဝက်အူလှည့် တချောင်းရှိပါက မဲအရေအတွက်ကို ကိုယ်ကြိုက်သလို ဖန်တီးနိုင်သော

အစွမ်းရှိရကား တကောင်တည်း ပြေးနေသည့် လက်နက်များပိုင်ရှင် စစ်အုပ်စုအဖို့ ၉၀.၁၉ရာခိုင်နှုန်း၏ ထောက်ခံမဲရအောင် လုပ်လိုက်နိုင်ခြင်းမှာ မည်သို့မျှ ထူးဆန်းလှသည့် ကိစ္စ မဟုတ်ပေ။

နေဝင်းစန်းယု စစ်အစိုးရက စေ့စပ် ဆွေးနွေးပွဲတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဘောင်အတွင်းမှာသာ လုပ်နိုင်မည်ဟူသော အသုံးအနှုန်းဖြင့် 'ကွန်မြူနစ်ပါတီဖျက်သိမ်းရေး၊ ပြည်သူ့ တပ်မတော်ဖျက်သိမ်းရေး၊ လွတ်မြောက်သည့်ဒေသ ဖျက်သိမ်းရေး' တို့ကို တောင်းဆိုခဲ့သည်။ ဤသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဘက်က မည်သို့မျှ လိုက်လျောမည်မဟုတ်သော တောင်းဆိုချက်ဖြစ်ကြောင်းကို သူတို့ ကောင်းကောင်း သိကြပေသည်။ နဂိုကတည်းက 'စေ့စပ် ဆွေးနွေးပွဲ'ကို တဖက်သတ် ဖျက်သိမ်းရန် အကြံအစည်ရှိနေသော စစ်အစိုးရသည် ထမင်သက်သက် မဖြစ်နိုင်သည်ကို တောင်းဆိုနေခြင်းသာ ဖြစ်သည်။ ထို့ကြောင့်ပင် စေ့စပ်ဆွေးနွေးပွဲတွင် စစ်အစိုးရဘက်မှ ကိုယ်စားလှယ်များသည် အကျိုးသင့်အကြောင်းသင့် မပြောနိုင်ဘဲ 'အခြေခံဥပဒေ'နှင့် မဆလ တပါတီ အာဏာရှင်စနစ်ကို ကာကွယ်ပြောဆိုလိုက်၊ ဗမာပြည်ကွန်မြူနစ်ပါတီကို ဖျက်သိမ်းရန် မတောင်းဆိုပါဟု ပြောလိုက်နှင့် ရှေ့နောက်မညီသော စကားများကို အိုးနင်းခွက်နင်း ပြောနေကြရခြင်း ဖြစ်သည်။

သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်မည်ဆိုပါက ၁၉၄၈ခုနှစ် မတ်လ ၂၈ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို ဖောက်ပြန်သော ဖဆပလ အစိုးရက အလစ်တိုက်ခိုက်ပြီး ဖောက်ပြန်သော ပြည်တွင်းစစ်ကို ဖန်တီးခဲ့သည်။ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မတိုင်မီ ကာလများက ဗမာပြည် ကွန်မြူနစ်ပါတီတွင် ပြည်သူ့ တပ်မတော်လည်း မရှိသေး၊ လွတ်မြောက်သည့်ဒေသလည်း မရှိသေးပေ။ ဖဆပလ

အုပ်စိုးသူ လူတန်းစားက ဖောက်ပြန်သော ပြည်တွင်းစစ် စတင်ဖန်တီးပြီး တိုက်ခိုက်လာသောအခါကျမှသာလျှင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်သူလူထုကို စည်းရုံးမှုခိုကာ၊ ပြည်သူ့ တပ်မတော်ကို ဖွဲ့စည်းပြီး၊ လွတ်မြောက်သည့်ဒေသထူထောင်၍ မိမိကိုယ်ကို ကာကွယ်သော တရားသည့်စစ်ကို ဆင်နွှဲခဲ့ရခြင်း ဖြစ်သည်။ ဤသည်မှာ မည်သူမျှ ငြင်းမရသည့် သမိုင်း အချက်အလက် ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီကို အချိန်တိုအတွင်း ဖျက်ဆီးပစ်လိုက်မည်ဟူသော အကြံယုတ်ဖြင့် ဖဆပလ အုပ်စိုးသူလူတန်းစားက ကြိုးစားလာခါမှ ဗမာပြည်ကွန်မြူနစ်ပါတီသည် ပျက်စီးမသွားဘဲ ပါတီ၏ တိုက်ရိုက်နှင့် အကြွင်းမဲ့ခေါင်းဆောင်မှုရှိသော ပြည်သူ့ တပ်မတော်နှင့် ပါတီ၏ ခိုင်မာသော အခြေခံဖြစ်သည့် လွတ်မြောက်သော ဒေသတို့ကို ရရှိလာခြင်း ဖြစ်သည်။ ယခုအထိဆိုလျှင် ၃၃ နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သော လက်နက်ကိုင် တိုက်ပွဲ ကာလအတွင်းတွင် ပါတီ၊ တပ်မတော်နှင့် အခြေခံဒေသတို့သည် ကြီးထွားခြင်း၊ သေးကျုံ့ခြင်း၊ အောင်ပွဲရခြင်း၊ ဆုံးရှုံးခြင်း၊ နိုင်းယှဉ်ချက်အရ တည်ငြိမ်ခြင်း၊ မတည်ငြိမ်ခြင်း၊ အသစ်ပေါ်ခြင်း၊ ကွယ်ပျောက်ခြင်းစသဖြင့် အပြောင်းအလဲ မြောက်မြားစွာရှိခဲ့သော်လည်း တခုလုံးခြုံ၍ ကြည့်လျှင် ကွန်မြူနစ်ပါတီ၊ ပြည်သူ့ တပ်မတော်နှင့် အခြေခံဒေသတို့သည် ဖောက်ပြန်ရေး အစိုးရတို့၏ ဆန္ဒနှင့် ဆန့်ကျင်စွာ ကြီးထွား ကြံ့ခိုင်လာလျက် ရှိနေပသည်။ ၃၃ နှစ်ကျော်တိုင်တိုင် ဖောက်ပြန်ရေး အစိုးရများက လက်နက်အင်အားဖြင့် အရှုံးအမှူးတိုက်ခိုက်ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့သော်လည်း ဖျက်ဆီးမပစ်နိုင်ခဲ့သည့် ဤပါတီ၊ ဤ တပ်မတော်နှင့် ဤအခြေခံဒေသတို့ကို စေ့စပ်ဆွေးနွေးရေး စာပွဲပေါ်တွင် ဖျက်သိမ်းပစ်ရန် နေဝင်းစန်းယု စစ်အစိုးရက တောင်းဆိုလာခြင်းကို ဖောက်

ပြန့်ရေး သမားတို့၏ မိုက်မဲမှု သို့မဟုတ် အရူးအမိုက်မက် မက်ခြင်း ဟူ၍သာ ခေါ်ဆိုရပေတော့မည်။

ကွန်မြူနစ်တို့အဖို့ဆိုရလျှင် 'ဖျက်ဆီးပစ်ရေး'၊ 'မောင်းထုတ်ပစ်ရေး' ခြိမ်းခြောက်မှု ခံရသည်မှာ အဆန်းတကြယ်ကိစ္စတခု မဟုတ်တော့ပေ။ ကွန်မြူနစ်ဝါဒ မွေးကင်းစ ကာလ ကတည်းကပင် ခြိမ်းခြောက်ခံခဲ့ရခြင်း ဖြစ်သည်။

၁၈၄၈ ခုနှစ်၊ဖေဖော်ဝါရီလတွင် ပုံနှိပ်ထုတ်ဝေခဲ့သော 'ကွန်မြူနစ်ပါတီ ကြေညာစာတမ်း' တွင် မာ့က်စ်နှင့် အိန်ဂယ်တို့က ပထမဆုံး စာမျက်နှာ၊ ပထမ စာပိုဒ်၌

"တစ္ဆေကြီးတကောင်သည် ဥရောပတိုက်တွင် လှည့်လည်သွားလာနေပေသည်။ ဤတစ္ဆေကြီးကား ကွန်မြူနစ်ဝါဒပင် ဖြစ်၏။ ပုပ်ရဟန်းမင်းကြီးနှင့် ဇာဘုရင်၊ မက်တာနစ်ချ်နှင့် ဂီဇော့၊ ပြင်သစ်ရယ်ဒီကယ်များနှင့် ဂျာမန်ပုလိပ်သူလျှိုများ ဟူသော ဟောင်းနွမ်းသည့် ဥရောပတိုက်ရှိ အင်အားစု အားလုံးသည် ဤတစ္ဆေကြီးအား မောင်းထုတ်ပစ်ရေး အတွက် သူတော်စင်မဟာမိတ်ကို ဖွဲ့စည်းလိုက်ကြလေပြီ"

ဟူ၍ ရေးသားခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၃၀ ကျော်ကတည်းက အစိုးရများက 'မောင်းထုတ်ပစ်ရန်' ခြိမ်းခြောက်ခြင်း ခံခဲ့ရသည့် ကွန်မြူနစ်ဝါဒသည် ယခုအခါ ကမ္ဘာ့ ဒေါင့်ကြို ဒေါင့်ကြား မကျန် ပြန့်နှံ့ နေပေပြီ။

ဗမာပြည် ကွန်မြူနစ်ပါတီ အဖို့ ဆိုလျှင်လည်း ဤ သို့သော ခြိမ်းခြောက်မှုကို ပါတီ တည်ထောင်စကတည်းက ခံခဲ့ရပေသည်။ အင်္ဂလိပ် နယ်ချဲ့သမားသည့်ရင်း၊ ဂျပန် ဖက်ဆစ်သည့်ရင်း၊ နေဝင်း စန်းယု စစ်အစိုးရအပါအဝင် ဖောက်ပြန်ရေးအစိုးရ အဆက်ဆက်

သည့်ရှင်း ဗမာပြည်ကွန်မြူနစ်ပါတီကို‘ဖျက်ဆီးပစ်ရန်’မီးကုန်ယမ်းကုန် ကြိုးစားခဲ့ကြသည်ချည်း ဖြစ်ပေသည်။ သို့သော် ဗမာပြည်ကွန်မြူနစ် ပါတီကား ပျက်စီးမသွားခဲ့ပေ။ နေဝင်းစန်းယုတို့ လက်မရှိအခန်းက ပါဝင်ခဲ့သော ဖဆပလ အစိုးရလက်ထက်က ဗမာပြည်ကွန်မြူနစ် ပါတီကို တချီတည်းအလဲထိုးပြီး ဖျက်ပစ်ရန်ကြိုးစားခဲ့သည်။ သို့သော် အချည်းနှီးသာ ဖြစ်ခဲ့ပေသည်။ ယခု ၃၃ နှစ်ကြာသောအခါ နေဝင်း စန်းယုစစ်အစိုးရက ဖျက်ပစ်လိုသောအရာသည် နောက်ထပ် (၂)ခု တိုးလာပြီး(၃)ခု ဖြစ်လာခဲ့ပြီ။ ဖောက်ပြန်ရေးသမားတို့က ‘ဖျက်ဆီး ပစ်ရန်’ ကြိုးစားလေလေ၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့တပ်မတော်နှင့် လွတ်မြောက်သည့်ဒေသတို့သည် ‘ကြီးထွား ကြံ့ခိုင်’လာလေလေသာ ဖြစ်လိမ့်မည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၏ သက်တမ်းသည် ယခု ၄၂ နှစ် ရှိတော့မည်။ ဗမာပြည်တွင် သက်တမ်းအရှည်ဆုံး၊ ဝါအရင့်ဆုံး၊ အတွေ့ အကြုံအရှိဆုံး၊ ပြည်သူကို အလုပ်အကျွေးပြုသည့် အစဉ်အလာ အရှိဆုံး ပါတီ ဖြစ်သည်။ လူတန်းစားများ ပပျောက်ပြီးနောက် လူတန်းစားတိုက်ပွဲ၏ ကရိယာဖြစ်သော နိုင်ငံရေးပါတီနှင့် နိုင်ငံတော် စက်ယန္တရားများ အစရှိသည့် အရာအားလုံး အသုံးမဝင် မလိုအပ် တော့သဖြင့် တဖြည်းဖြည်း အားနည်း ပျောက်ကွယ်သွားပြီး မိမိ၏ သမိုင်းပေးတာဝန် ပြီးမြောက်သည့် အခါတွင်မှ ဗမာပြည်ကွန်မြူနစ် ပါတီ ပျောက်ကွယ်လိမ့်မည်ဖြစ်သည်။ သမိုင်းပေးတာဝန် မပြီးမြောက် သေးသမျှ ဗမာပြည်ကွန်မြူနစ်ပါတီကို ဘယ်ရန်သူကမှ ‘ဖျက်ဆီးပစ်’၍ မရနိုင်ပေ။

‘ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး’ ရရေးအတွက် ယနေ့ ဖျက်ဆီးပစ်ရမည့်အရာသည် ကွန်မြူနစ်ပါတီမဟုတ်။ ပြည်သူ့

တပ်မတော်မဟုတ်။ လွတ်မြောက်သည့် ဒေသမဟုတ်။ ဖျက်ဆီးပစ်ရမည့် အရာသည် မဆလ တပါတီ အာဏာရှင်စနစ်နှင့် ၎င်းကို ဖော်ထုတ်ထားသည့် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသာလျှင် ဖြစ်သည်။

ယနေ့ ဗမာပြည်လူ့ အဖွဲ့အစည်းတွင် လူတန်းစား၊ လူ့အလွှာများ အများအပြားရှိနေပေသည်။ ဤသို့ လူတန်းစား၊လူ့အလွှာများ ရှိနေသရွေ့ ယင်း လူတန်းစား၊ လူ့အလွှာများကို ကိုယ်စားပြုသော နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ ဂိုဏ်းအစုများ မုချပင် ရှိနေပေလိမ့်မည်။ ဗမာပြည် ပစ္စည်းမဲ့လူတန်းစားတွင် ၎င်း၏တပ်ဦးဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီရှိသလို ကျန် လူတန်းစား၊ လူ့အလွှာများ အတွက်လည်း ယင်းတို့ကို နိုင်ငံရေးအရကိုယ်စားပြုသော နိုင်ငံရေး အုပ်စုများ၊ ဂိုဏ်းများ တည်ရှိနေကြမည်သာ ဖြစ်သည်။ မည်သည့်နည်း၊ မည်သည့်သဏ္ဌာန်ဖြင့် တည်ရှိနေသည်၊ လှုပ်ရှားနေသည် ဆိုသည့် အချက်သာ ကွဲပြားလိမ့်မည်။ စစ်အစိုးရက ဥပဒေတခု ထုတ်ပြန်ပြီး ဖျက်သိမ်းသည် ဆိုရုံမျှဖြင့် ပျောက်ကွယ်သွားမည် မဟုတ်ပေ။

## [၄]

ဗမာပြည်ကွန်မြူနစ်ပါတီသည် ယခုအကြိမ် ရွေးကောက်ပွဲ ဖြစ်မြောက်ရေးအတွက် အစွမ်းကုန် ကြိုးစားခဲ့သည်။ မူပေါ်တွင် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ကာ၊ နည်းနာတွင် ပျော့ပျောင်းမှုရှိစွာဖြင့် ရွေးကောက်ပွဲဖြစ်မြောက်ရေး၊ အောင်မြင်ရေးအတွက် အစွမ်းကုန် ကြိုးစားခဲ့သည်။ ရွေးကောက်ပွဲ လိုက်လျောနိုင်သမျှ လိုက်လျောခဲ့သည်။

နောက်ဆုံးအဆင့် ဈေးစပ်လိုက်လျှောသည့် အနေဖြင့် အောက်ပါ အတိုင်း အဆိုပြုခဲ့ပေသည်။

၁။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခြေခံဒေသကို တခုတည်းသော အစိုးရအောက်တွင်ရှိသော ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသအဖြစ် အသိအမှတ်ပြုရန်။

၂။ ပြည်သူ့ တပ်မတော်ကို တခုတည်းသော အစိုးရလက်အောက်တွင်ရှိသော နိုင်ငံတော်ကာကွယ်ရေး ကောင်စီအောက်တွင်ရှိသော တပ်တတပ်အဖြစ် အသိအမှတ်ပြုရန်။ နိုင်ငံတော်ကာကွယ်ရေးကောင်စီတွင် ဗမာပြည်ကွန်မြူနစ်ပါတီဘက်မှ ကိုယ်စားလှယ် ရာခိုင်နှုန်း မည်မျှပါရမည်ဟု မတောင်းဆို။ ကိုယ်စားလှယ် တဦး နှစ်ဦး ပါဝင်ခွင့်ရလျှင်ပင် ဖြစ်နိုင်သည်။

၃။ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပတ်သက်လျှင် အထိပါး မခံနိုင်ဟူ၍ အဆိုပြုခဲ့သည်။

ဤမျှ အစွမ်းကုန် ဈေးစပ်လိုက်လျှောခဲ့ခြင်းသည် ကွန်မြူနစ်ပါတီတွင် အင်အားနည်း၍ မဟုတ်ပေ။ ပြည်တွင်း ပြည်ပ အခြေအနေအရပ်ရပ်ကို ထောက်ထား၍ရင်း၊ ဗမာပြည်ရှိ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး လိုလားတောင့်တနေသည့် ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသား သွေးစည်းညီညွတ်ရေးတို့အတွက်ရင်း အမြော်အမြင်ရှိရှိ၊ တာဝန်သိသိဖြင့် လိုက်လျှောနေခြင်းဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် ကွန်မြူနစ်များ၌ ဘာမျှမရှိ။ ခြေဖဝါး လက်ဖဝါး ဗလာမှ စခဲ့ရသည်။ ထိုသို့သော ဗလာဘဝတုန်းကပင်လျှင် ကွန်မြူနစ်ပါတီ တည်ရှိမှုကို နည်းနည်းမျှ ထိပါးမခံဘဲ၊ သွေးချွေးဖြင့်ရင်းနှီးကာ ပါတီကို ကာကွယ်ခဲ့ကြသည်။

ပြည်သူလူထုကြီးနှင့် အထောင်အသောင်းမကသော အာဇာနည်ရဲဘော်များ၏ သွေးချွေးတို့ဖြင့် အရင်းတည်ပြီးမှ ရရှိခဲ့သော တော်လှန်ရေး အောင်သီးအောင်နှံများ ယခုလို ကြီးထွားကြံ့ခိုင်နေသော ကာလမျိုးတွင်ကား ဆိုဘွယ် မရှိပြီ။ လိုအပ်လာလျှင် နောက်ဆုံး အောင်ပွဲရသည်အထိ ရေရှည်စစ်ပွဲ ဆင်နွှဲသွားနိုင်ပေသည်။

နေဝင်းစန်းယုစစ်အစိုးရက ယခုတကြိမ် စေ့စပ်ဆွေးနွေးပွဲကို တဖက်သတ် ဖျက်ဆီးပစ်လိုက်သော်လည်း နောင်တွင် အခါအခွင့် ပေါ်ပေါက်လာပါက ဗမာပြည်ကွန်မြူနစ်ပါတီ အနေနှင့် စေ့စပ်ဆွေးနွေးရေးကို ထပ်မံလုပ်ရန် အဆင်သင့်ပင် ရှိပေသည်။ ဗမာပြည်ကွန်မြူနစ် ပါတီသည် ပြည်တွင်း ပြည်ပ အခြေအနေများကို ထောက်ထားကာ အမြော်အမြင်ရှိရှိ၊တာဝန်သိသိဖြင့် ပြည်သူလူထု၏ အကျိုးအတွက်'ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး'အလံ၊ 'ဒီမိုကရေစီရေး'အလံနှင့် 'အမျိုးသား သွေးစည်းညီညွတ်ရေး'အလံ တည်းဟူသော အလံ ၃-လက်ကို ဆက်လက်၍ စွဲမြဲစွာ ကိုင်စွဲပြီး ပြည်သူလူထုကြီးနှင့် တသားတည်း ပေါင်းစပ်ကာ တိုက်ပွဲဝင်သွားမည် ဖြစ်ပေသည်။

စစ်အစိုးရက စေ့စပ်ဆွေးနွေးပွဲကို တဖက်သတ် ဖျက်ဆီးပစ်ပြီးသည့်နောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခြေခံဒေသများကို ဝိုင်းဝန်း ချေမှုန်းရေး ထိုးစစ်များ ပိုမို၍ အရှူးအမူး လုပ်လာပေလိမ့်မည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် အခြေခံဒေသကို ကာကွယ်ရေး၊ ပြည်သူများကို ကာကွယ်ရေးတည်းဟူသော မိမိကိုယ်ကို ကာကွယ်ရေးစစ်ဖြင့် စစ်ရေးအရ ပြတ်ပြတ်သားသား ခုခံတိုက်ခိုက်သွားမည် ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်သူလူထုကို ယုံကြည်မှီခိုကာ ကိုယ့်အားကိုယ်ကိုး အဆင်းရဲအပင်ပန်းခံ လုံးပန်းတိုက်ခိုက်သည့် စိတ်ဓာတ်ဖြင့် စည်းလုံးနိုင်သမျှသော အင်အားမှန်သမျှနှင့် သွေးစည်းညီညွတ်ကာ အခက်အခဲဟူသမျှကို ထိုက်ဖျက်ကျော်နင်းသွားမည် ဖြစ်ပေသည်။

ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်ကြ။

ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးအတွက် တိုက်ပွဲဝင်ကြ။

အမျိုးသား သွေးစည်းညီညွတ်ရေးအတွက် တိုက်ပွဲဝင်ကြ။

၁၃၄၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်။
၁၉၈၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်။

ဗဟိုကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက်
နှစ်ဖက်ဆွေးနွေးတာနဲ့ပတ်သက်ပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုကော်မတီနဲ့ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ သခင်ဗသိန်းတင်ရဲ့
ပြည်သူလူထုထံသို့တင်ပြချက်။

ရဲဘော်တို့။
မိတ်ဆွေတို့။
ပြည်သူလူထုအပေါင်းတို့။

၁။

၁၉၈၁ခုနှစ် မေလ ၁၄ ရက်နေ့မှာ မဆလပါတီဥက္ကဋ္ဌ ဦးနေဝင်းက သူတို့ရဲ့ ဗဟိုကော်မတီ ၁၆ ကြိမ်မြောက် အစည်းအဝေးရဲ့ အဖွင့်မိန့်ခွန်းမှာ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး နှစ်ဖက်ကိုယ်စားလှယ် ဆွေးနွေးပွဲကို အပြီးအပိုင် ဖျက်သိမ်းလိုက်ကြောင်း ပြောကြားခဲ့ပါတယ်။

ဦးနေဝင်းက ဒီ မိန့်ခွန်းထဲမှာ အရေးကြီးတဲ့ တကဲ့ အဖြစ်အပျက်တွေ၊ တကဲ့ အချက်အလက်တွေကို ပြည့်ပြည့်စုံစုံ မပြောပြခဲ့ပါဘူး။ အဲဒါတွေနဲ့ပတ်သက်ပြီး ပြည်သူလူထုကို အမှန်အတိုင်း အသိပေးဘို့ လိုအပ်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒါကြောင့် ပြည်သူလူထုများ အဖြစ်အပျက်အမှန်ကို သိပြီးတဲ့နောက် အမှားအမှန်ကို ခွဲခြားနိုင်ဘို့အတွက် အခုလို တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

## ၂။

ဒီနေရာမှာ နှစ်ဖက်ဆွေးနွေးပွဲ ဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်ကို အတိုချုပ်ပြီး ဖော်ပြလိုပါတယ်။

(က) ၁၉၇၀ ခုနှစ်မှာ မဆလနဲ့ စစ်အစိုးရဟာ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့ အမိန့်ကို မေလမှ ဩဂုတ်လအထိ ထုတ်ပြန်ခဲ့တယ်။

ဒီလွတ်ငြိမ်းချမ်းသာခွင့်ဆိုတာဟာ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေတဲ့ အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်တွေကို လက်နက်ချခိုင်းတာဘဲ ဖြစ်တယ်။ ဒီလို အခြေအနေအောက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ ဘယ်နည်းနဲ့မှ မ ဆ လ စစ်အစိုးရတို့နဲ့ ဆွေးနွေးဘို့ မရည်ရွယ်ပါဘူး။

ဒါကြောင့် မ ဆ လ ပါတီဥက္ကဋ္ဌ ဦးနေဝင်းထံကို ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်ဖို့ အတွက် ကျွန်တော်တို့ ပါတီ ဘက်မှ ကမ်းလှမ်းချက် စာကို ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှာမှ ပေးပို့ခဲ့ပါတယ်။

(ခ) ဆွေးနွေးပွဲ ဖြစ်စဉ်အတွင်းမှာ နှစ်ဖက် ကိုယ်စားလှယ်များဟာ နှစ်ကြိမ် တွေ့ဆုံ ဆွေးနွေး ခဲ့ကြပါတယ်။

ပထမအကြိမ်မှာ ၁၉၇၀ ခုနှစ်အတွင်းမှာ ဖြစ်ပြီး ကျွန်တော်တို့ဘက်မှ ကိုယ်စားလှယ်များအနေနဲ့ ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင်၊ ဗဟိုကော်မတီ ရဲဘော်ရဲထွန်းနဲ့ ကျွန်တော် ပါဝင်ကြပါတယ်။ တဖက်က ဦးနေဝင်း၊ နိုင်ငံခြားရေး ဝန်ကြီး ဦးလေးမောင်၊ မ ဆ လ ပါတီအတွင်းရေးမှူးတယောက်ဖြစ်တဲ့ ဦးသန်းလှိုင်တို့ ပါဝင်ကြပါတယ်။

(ဂ) ဒုတိယ အကြိမ် နှစ်ဖက် ကိုယ်စားလှယ် ဆွေးနွေးရာမှာ ကျွန်တော်တို့ဘက်မှ ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင့် ခေါင်းဆောင်ပြီး၊ အဖွဲ့ဝင်များအဖြစ် ဗဟိုကော်မတီ ရဲဘော်ရဲထွန်း၊ ဗဟိုကော်မတီ ရဲဘော်ဖရန်ဂန်ဒီတို့ ပါဝင်ပါတယ်။ တဖက် ကိုယ်စားလှယ်အဖွဲ့မှာ မဆလပါတီဗဟိုအလုပ်အမှုဆောင်တဦးဖြစ်တဲ့ ဒု-ဗိုလ်ချုပ်ကြီးကိုကြ အဖွဲ့ခေါင်းဆောင်၊ မဆလပါတီ အတွင်းရေးမှူး ဦးသန်းလှိုင်နဲ့ အရှေ့မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးကြီးမြင့်လွင်တို့ ပါဝင်ကြပါတယ်။

(ဃ) ပထမ အကြိမ် နှစ်ဖက် ကိုယ်စားလှယ် အဖွဲ့ချင်း မတွေ့မီ ကျွန်တော်နဲ့ ဦးနေဝင်းတို့ နှစ်ဦးတည်း တနာရီ မိနစ် ၃၀ နီးပါး အပြန်အလှန် ဆွေးနွေးခဲ့ကြပါတယ်။

ဦးနေဝင်းက စစချင်း သူဟာ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ဘောင်အတွင်းမှာသာ လုပ်နိုင်ကြောင်း အစချီပြီး လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စ၊ နိုင်ငံ့ဂုဏ်ရည်ကိစ္စများကို ပြောခဲ့ပါတယ်။

ကျွန်တော် ဦးနေဝင်းကို ပြောပြလိုက်တာကတော့ ကျွန်တော်တို့ နှစ်ဖက် စစ်တိုက်လာခဲ့ကြတာ ၃၂-နှစ်ကျော် ကြာလာခဲ့ပြီ။ တဖက်က တဖက်ကို အပြတ်အသတ် ဘယ်သူမှ အနိုင်မရခဲ့သေးဘူး။ ဒီလို အခြေအနေအောက်မှာ ပြည်တွင်းစစ်ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး အတွက် ထိုင်ပြီး ဆွေးနွေးပွဲ လုပ်ကြရင် မကောင်းဘူးလား။ အကြောင်းကတော့ စစ်ဆိုတာ နိုင်ငံရေးရဲ့ အဆက်ဘဲ။ နိုင်ငံရေး မတူလို့ စစ် ထတိုက်ကြတာဘဲ။

တချိန်ထဲမှာ ကျွန်တော့်အနေနဲ့ ဦးနေဝင်းကို နိုင်ငံတကာ့ အခြေအနေ၊ ဗမာပြည်အပေါ် စစ်ရိပ် စစ်ငွေ့များ ရိပ်သန်းလာတဲ့ အခြေအနေ၊ ဥပမာအားဖြင့် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့ရဲ့ အန္တရာယ်၊

အာဖဂန် နိုစတန်ကို ကျူးကျော် သိမ်းပိုက်ထားပုံ။ အရှေ့အာရှ တောင်ပိုင်းမှာလဲ ဗိုလ်ကလေးဖြစ်တဲ့ ဗီယက်နမ်ရဲ့ အန္တရာယ်၊ ဥပမာ ကန်ပူးကျဲကို စစ်ရေးအရ ဝင်သိမ်းပိုက်ခဲ့ပုံ။ ရွှေ့အလားအလာများကို ပြောပြခဲ့ပါတယ်။

ဆက်ပြီး ဖက်ဆစ်ဂျပန်များကို တော်လှန် အနိုင်ယူစဉ် အခါက အဓိက အကြောင်းရင်းဟာ ဗမာပြည် ကွန် မြူ နစ်ပါတီ၊ ဗမာ့ တပ်မတော်၊ ပြည်သူ့ အရေးတော်ပုံအဖွဲ့၊ အာရှလူငယ်များအစည်းအရုံးနဲ့ ပြည်ချစ်ပုဂ္ဂိုလ်များ သွေးစည်း ညီညွတ်ပြီး တပေါင်း တစည်း တည်း အလုပ်လုပ်နိုင်ခဲ့တဲ့ အတွက်ကြောင့် ဖြစ်တယ် ဆိုတဲ့ အကြောင်းကို ကျွန်တော် ဦးနေဝင်းအား ပြောပြခဲ့ပါတယ်။

ထပ်ပြီး ကျွန်တော်တို့ ဗမာပြည် ကွန်မြူနစ်ပါတီဟာ ပြည်ချစ် ဝါဒနဲ့ ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒ နှစ်ရပ်ကို ဆုပ်ကိုင်ထားပြီး လက်တွေ့ ကျင့်သုံးနေကြောင်း၊ ကျွန်တော်တို့တိုင်းပြည်ကို ဘယ်နယ်ချဲ့သမားက ဖြစ်ဖြစ်၊ ဘယ် ကျူးကျော်ရေးသမားကဖြစ်ဖြစ် ဝင်ရောက် တိုက်ခိုက် လာရင် ကျွန်တော်တို့ ကွန်မြူနစ်တွေဟာ ပြည်ချစ် ဝါဒ အရ ဒီ ကျူးကျော်လာတဲ့ ရန်သူကို ရှေ့ဆုံးတန်းမှာ အခက်အခဲဆုံး နေရာမှာ တိုက်ဖို့ အဆင်သင့်ရှိတယ်လို့ ဦးနေဝင်းအား ပြောပြခဲ့ပါတယ်။

အခုလို ပြည်တွင်းပြည်ပ အခြေအနေအောက်မှာ ဗမာပြည် ပြည်သူလူထုရဲ့ အကျိုး၊ အရှေ့ အာရှ တောင်ပိုင်း တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းရေး အကျိုး၊ ကမ္ဘာ့ ငြိမ်းချမ်းရေး အကျိုး အတွက် ဗမာပြည်မှာ ဖြစ်နေတဲ့ ပြည်တွင်းစစ်ကို ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်း ရေးကို တည်ဆောက်နိုင်ဖို့ အတွက် အောက်ပါ အချက် ၄-ချက်ကို ကျွန်တော့်အနေနဲ့ ဦးနေဝင်းအား တင်ပြခဲ့ပါတယ်။

၁။ ပြည်တွင်းစစ်ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် နှစ်ဖက် စေ့စပ်ဆွေးနွေးရန်။

၂။ စေ့စပ်ဆွေးနွေးပွဲကို အထောက်အကူပြုစေရန်အတွက် နှစ်ဖက် အပစ်အခတ် ရပ်စဲထားကြရန်။ (ဒီကိစ္စကို ကျွန်တော် နောက်ပိုင်းမှာ ထပ်ရှင်းပြမယ်။)

၃။ နှစ်ဖက် ကိုယ်စားလှယ် အဖွဲ့များ ဖွဲ့စည်းပြီး တွေ့ဆုံဆွေးနွေးကြရန်။

၄။ လျှို့ဝှက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲ အောင်မြင်ပြီးမြောက်သည့် အခါ တိုင်းပြည်သို့ အသိပေးရန်။

(င) ဦးနေဝင်းက ကျွန်တော့်ကို ဒီလိုပြန်ပြောခဲ့ပါတယ်။ ကျွန်တော် တင်ပြတဲ့ အချက် ၁။ ၃။ ၄။ ဟာ ပြဿနာမရှိကြောင်း၊ နံပတ်၂။ အချက်ဖြစ်တဲ့ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကိစ္စကို သူ့ အဖွဲ့သားများ၊ အထူးသဖြင့် တပ်မှူးကြီးများနဲ့ သူပြန်ဆွေးနွေးပြီး ကျွန်တော်တို့ကို အကြောင်းပြန်ကြားပါမယ် ဆိုတာကို ပြောသွားခဲ့ပါတယ်။

(စ) နှစ်ဦးချင်း ဆွေးနွေးပြီးနောက် ကျွန်တော်တို့ ကိုယ်စားလှယ် အဖွဲ့ အားလုံးနဲ့ သူတို့ ကိုယ်စားလှယ်အဖွဲ့ အားလုံးတို့ ဆက်လက် ဆွေးနွေးခဲ့ကြတယ်။

(ဆ) ဒီလို ပထမအကြိမ် နှစ်ဖက် ဆွေးနွေးပြီးတဲ့နောက် ဦးနေဝင်း ထံမှ ကျွန်တော်တို့ထံသို့ စာတစောင်ပြန်ခဲ့ပါတယ်။ သူတို့တပ်များရဲ့ လှုပ်ရှားမှုများ၊ တိုက်ခိုက်မှုများကို အချုတ်အချယ်မခံနိုင်။ ဒါ့အပြင် ကျွန်တော်တို့ တပ်နဲ့ ဒေသများကို အသိအမှတ်ပြုရာ သဘော ရောက်နေတဲ့ အတွက် အပစ်အခတ် ရပ်စဲထားရေးကို လက်မခံနိုင်ပါ။ ဒါပေမဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ လျှို့ဝှက်စွာ လာရောက်

ဆွေးနွေးတာကို သူတို့ သဘောတူကြောင်း ဒီပြန်စာမှာ ပါလာပါတယ်။

(ဇ) ဦးနေဝင်းရဲ့ ပြန်စာကို လက်ခံရရှိပြီးနောက် ကျွန်တော်တို့ အနေနဲ့ အပစ်အခတ် ရပ်စဲထားရေးကို လက်မခံတဲ့အတွက် ဝမ်းနဲ ကြောင်း၊ ဒါပေမဲ့ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး အတွက် သူတို့ ကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးရန် ကျွန်တော်တို့ ဘက်မှ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည် ဖြစ်ကြောင်း စာနဲ့ အကြောင်း ပြန်ခဲ့ပါတယ်။

(ဈ) ကျွန်တော်တို့ စာပါအတိုင်းဘဲ၊ ကျွန်တော်တို့ ဘက်မှ ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင့် အမှူးပြုတဲ့ ကိုယ်စားလှယ် အဖွဲ့နဲ့ မဆလပါတီ ဘက်မှ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် ' ဒု-ဗိုလ်ချုပ်ကြီး ကျော်ဇော အမှူးပြုတဲ့ ကိုယ်စားလှယ်အဖွဲ့တို့ဟာ တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။

၃။

(က) ဒုတိယအကြိမ် နှစ်ဖက် ကိုယ်စားလှယ် ဆွေးနွေးပွဲမှာ ကျွန်တော်တို့ ဘက်မှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင့်က ကျွန်တော်တို့ပါတီရဲ့ သဘောထားဖြစ်တဲ့ ပြည်တွင်း စစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေး ဟာ ဗမာပြည် ပြည်သူလူထုအကျိုး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အကျိုး အတွက် ဘယ်လောက် လိုအပ်တယ်ဆိုတာကို ဘက်ပေါင်းစုံက ရှင်းပြခဲ့တယ်။ တဆက်တည်း၊ ဒီမိုကရေစီရေး၊ အမျိုးသား သွေးစည်း ညီညွတ်ရေး၊ ပြည်သူလူထု နေထိုင်မှုဘဝ မြှင့်တင်ရေး၊ ကမ္ဘာနဲ့ချီလို့ရှိရင် ဆိုဗီယက် ဆိုရှယ်နယ်ချဲ့အန္တရာယ်နဲ့ အရှေ့အာရှတောင်ပိုင်းမှာဆိုရင် ဗီယက်နမ်

ကျူးကျော်ရေး သမားရဲ့ အန္တရာယ် ရှိနေတာတွေကိုလဲ တင်ပြခဲ့ပါတယ်။

အခု တင်ပြခဲ့တဲ့ ပြဿနာတွေထဲမှာ အဓိကပြဿနာဟာ ပြည်တွင်းစစ် ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး ဖြစ်တယ်။ ဒါမရှိရင် ကျန်တဲ့ဟာတွေ လုပ်လို့မရနိုင်ဘူး ဆိုတာတွေကို ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင့်က တဖက် ကိုယ်စားလှယ်တွေကို ပြောပြခဲ့ပါတယ်။

ဒု-ဗိုလ်ချုပ်ကြီး ကိုယ်က အခုလို ဆွေးနွေးတဲ့အချိန်မှာ အလင်းဝင်ပါ၊ လက်နက်ချပါ ဆိုတာ မရည်ရွယ်ပါဘူး။ လုံးဝ ဒါသုံးဖို့လဲ စိတ်မကူးပါဘူး ဆိုတာတွေကို ပြောလာတယ်။

ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင့်က ဗမာပြည် ကွန်မြူနစ်ပါတီကို လက်နက်ချခိုင်းဘို့ သဘောထား မရှိပါဘူးဆိုတဲ့စကားဟာ အင်မတန် ကောင်းမွန်ကြောင်း၊ အင်မတန့် မင်္ဂလာရှိကြောင်း၊ ကွန်မြူနစ်ပါတီ တရပ်ဟာ လက်နက်ချရိုး ထုံးစံ မရှိကြောင်း သဘော ပါတာတွေကို ပြန်ပြောခဲ့ပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က လက်နက်မချဘူး ဆိုတဲ့ ဘောင် အတွင်းက စစ်ရပ်စဲသွားအောင် အပြန်အလှန် ညှိနှိုင်းပြီး နည်းနာရှာကြဘို့ ထပ်မံ တင်ပြခဲ့တယ်။

ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် ဗမာပြည် ကွန်မြူနစ်ပါတီ ဆက်လက် တည်ရှိရေး၊ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ ပြည်သူ့ တပ်မတော် ဆက်လက် တည်ရှိရေးနဲ့ အခြေခံဒေသများ ဆက်လက်တည်ရှိရေး လိုအပ်မှုကို ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က တင်ပြခဲ့ပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က တင်ပြတဲ့ ပါတီ၊တပ်မတော်၊ အခြေခံဒေသ ဆက်လက် တည်ရှိခွင့် ဆိုတဲ့ အချက်တွေကို တဖက် ကိုယ်စားလှယ် အဖွဲ့က ပယ်ချခဲ့တယ်။ သူတို့ အကြောင်းပြချက် ကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၁ အရ၊ ဗမာပြည်မှာ မ ဆ လ တပါတီသာ တည်ရှိနိုင်ခွင့် ရှိကြောင်း၊ အဲဒါဟာလဲ ၆၄ ခုနှစ် အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေ ထုတ်ပြန်တဲ့အချိန်ကစပြီး တခြားပါတီတွေကို လူပ်ရှားခွင့်၊ ရပ်တည်ခွင့် မပေးခဲ့ကြောင်း၊ပါတီစုံစနစ်ဟာ ဗမာပြည် အတွေ့အကြုံအရနဲ့ ကမ္ဘာ့ အတွေ့အကြုံအရ ဆိုးကျိုးကိုသာ ဖြစ်စေကြောင်း၊ ဒါတင်မက ပါတီစုံ စနစ်ဟာ အမျိုးသား စည်းလုံးညီညွတ်ရေးကို ပြိုကွဲစေကြောင်း စတာတွေ ဖြစ်တယ်။

ကျွန်တော်တို့ ပြည်သူ့ တပ်မတော် ဆက်လက် တည်ရှိရေးနဲ့ ပတ်သက်ပြီးတော့ သူတို့က ပြောတာက သူတို့ဆီမှာ တပ်မတော်နဲ့ ရဲအဖွဲ့ ရှိနေတာကြောင့် ကျွန်တော်တို့ ပြည်သူ့ တပ်မတော် တည်ရှိ ခွင့်ကို မပေးနိုင်ကြောင်း။

ကျွန်တော်တို့ အခြေခံဒေသတွေကိုလဲ သူတို့ အသိအမှတ် မပြုနိုင်ကြောင်း။

ကျွန်တော်တို့တင်ပြတဲ့ အချက် ၃-ချက်အစား သူတို့က ပြန်လည် တင်ပြလာတာက ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီဝင်တွေဟာ မ ဆ လ ပါတီထဲသို့ ဝင်နိုင်တယ်။ အဆင့်ဆင့်ရှိ ပြည်သူ့ကောင်စီ ရွေးကောက်ပွဲတွေမှာ ဝင်ရောက် အရွေးခံနိုင်တယ်။ လုံထိန်းအဖွဲ့ (ရဲအဖွဲ့)ထဲမှာ ကျွန်တော်တို့ တပ်မတော်သားတွေ ပါဝင်နိုင်တယ်။ စား ဝတ် နေ ရေး ကိစ္စတွေမှာ ကူညီဖြေရှင်းနိုင်တယ် ဆိုတာတွေ ဖြစ်တယ်။

ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင့်က သူတို့တင်ပြတဲ့ အချက် ၄-ချက်နဲ့ ပတ်သက်လို့ ဒီလိုပြန်ချေပခဲ့တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဆိုတာဟာ ပြည်သူလူထု အကျိုးရှိမယ်ဆိုရင် ပြင်လို့ရပါတယ်။ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးကို ပြည်သူလူထုက လိုလားတောင့်တနေကြတာ ဖြစ်တယ်။ ဒါကြောင့် ဒါကို ပြည်သူလူထုက မုချဘဲ ထောက်ခံကြလိမ့်မယ်။ ပါတီစုံစနစ်ကြောင့် ဆိုးကျိုး ရှိတယ်ဆိုတာ မဟုတ်ပါဘူး။ ဆိုးကျိုး ရှိ မရှိ ဆိုတာဟာ နိုင်ငံတော် တရပ်ကို စိုးမိုးတဲ့ အစိုးရရဲ့ ပေါ်လစီအရပ်ရပ်အပေါ်မှာ တည်တယ်။ အဲဒီ ပေါ်လစီအရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်မှု အပေါ်မှာ တည်တယ်။ ဗမာပြည် ကွန်မြူနစ်ပါတီဝင်များကို မဆလ ပါတီထဲ ဝင်နိုင်ပါတယ်လို့ ဆိုခြင်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို ဖျက်သိမ်းဘို့ တောင်းဆိုခြင်းဘဲ ဖြစ်တယ်။ ဒီတောင်းဆိုချက်ဟာ လက်နက်ချကြ ဆိုတဲ့ တောင်းဆိုချက်ဘဲ ဖြစ်တယ်။ ဗမာပြည် ကွန်မြူနစ်ပါတီကို ဖျက်သိမ်းဘို့ဆိုတာ အခုလဲ မဖြစ်နိုင်။ နောင်လဲ မဖြစ်နိုင်ပါ။ ကျွန်တော်တို့ရဲ့ ပြည်သူ့တပ်မတော်သားတွေကို ကာကွယ်ရေးတွေထဲ ဝင်ကြဘို့ ဆိုတာဟာလဲ တပ်ကို ဖျက်သိမ်းခိုင်းတာပါဘဲ။ အခြေခံ ဒေသ ကိစ္စလဲ ဒီသဘောပါဘဲလို့ ပြန်ချေပခဲ့ပါတယ်။

(ခ) ကျွန်တော်တို့ရဲ့ ပထမအကြိမ် တင်ပြချက်ကို တဖက်က ငြင်းပယ် လိုက်တဲ့ အတွက်၊ ကျွန်တော်တို့ ကိုယ်စားလှယ် အဖွဲ့ဟာ ဗမာပြည် ပြည်သူလူထုအကျိုး၊ ကမ္ဘာ့ ပြည်သူလူထု အကျိုးအတွက် ပြည်တွင်းစစ်ကို ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက် နိုင်ဘို့ ဘက်ပေါင်းစုံမှ စဉ်းစားပြီးတဲ့နောက် ဒုတိယအကြိမ်အဖြစ် ဒီလို ထပ်မံ တင်ပြခဲ့ပါတယ်။

ဒီလို ဒုတိယအကြိမ် တင်ပြတာဟာလဲ ကျွန်တော်တို့ ဗမာပြည် ကွန်မြူနစ်ပါတီဟာ စေတနာ သန့်ရှင်းဖြူစင်စွာနဲ့ ပြည်တွင်းစစ်ကို ရပ်စဲပြီး ပြည်တွင်း ငြိမ်းချမ်းရေး ရဘို့အတွက် တဖက်နဲ့ စိတ်ရှည် လက်ရှည် ပြေလည်အောင် ညှိနှိုင်း ဆွေးနွေးပြီး အပြန်အလှန် နားလည်မှုနဲ့ အပေးအယူလုပ်ကာ လေးလေးနက်နက် တည်တည် ငြိမ်ငြိမ် ပြဿနာရဲ့ အဖြေရှာဘို့အတွက်ဘဲ ဖြစ်ပါတယ်။

၁။ ကျွန်တော်တို့ပါတီဟာ ဗမာပြည်ကို အစိတ်စိတ် အမွှာမွှာ ကွဲတာ ဘယ်တော့မှ မလိုလားခဲ့ဘူး။ ဗမာပြည်ကို တစည်း တလုံးတည်းနဲ့ ညီညွတ်တဲ့ တိုင်းပြည် တပြည် အဖြစ်သာ လိုလား ပါတယ်။ ဒါဟာ ကျွန်တော်တို့ပါတီရဲ့ ပေါ်လစီပါဘဲ။

ဒါကြောင့် ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က တင်ပြခဲ့တာက ကျွန်တော်တို့ အခြေခံဒေသတွေကို တခုတည်းသော အစိုးရအောက် မှာရှိတဲ့ ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အဖြစ် အသိအမှတ် ပြုနိုင်၊ မပြုနိုင်။

၂။ ကျွန်တော်တို့ ပြည်သူ့တပ်မတော်ကို တခုတည်းသော အစိုးရ အောက်မှာ နိုင်ငံတော် ကာကွယ်ရေး ကောင်စီရဲ့ အောက်မှာ ရှိတဲ့ လက်နက်ကိုင်တပ်ဖွဲ့ တဖွဲ့အဖြစ် အသိအမှတ် ပြုနိုင်၊ မပြုနိုင်။ နိုင်ငံတော် ကာကွယ်ရေးကောင်စီ အတွင်းမှာ ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ် သို့မဟုတ် ကျွန်တော်တို့ တပ်မတော်ရဲ့ ကိုယ်စားလှယ် တယောက်ဖြစ်စေ၊ နှစ်ယောက်ဖြစ်စေ ပါဝင်နိုင်ရေး။

၃။ ဗမာပြည်ကွန်မြူနစ်ပါတီ ဆက်လက်တည်ရှိရေး။

ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က ဒုတိယအကြိမ် တင်ပြတဲ့ အချက်တွေဟာ ပုံကြမ်းသက်သက်ဘဲ ဖြစ်ပါသေးတယ်။ ဒီ ပုံကြမ်းကို တဖက်က သဘောတူရင် အသေးစိတ်အနေနဲ့ ကျွန်တော်တို့ တင်ပြ

ဆွေးနွေးစရာတွေ အများကြီး ရှိပါသေးတယ်။ ဒါပေမဲ့ တဖက်က ဒုတိယ အကြိမ် ကျွန်တော်တို့တင်ပြတဲ့ အချက်များကို လက်မခံနိုင်တဲ့ အတွက် ဆွေးနွေးပွဲကို အပြီးအပိုင် ဖျက်သိမ်း လိုက်ကြောင်း ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ကို ဆွေးနွေးပွဲမှာ တရားဝင် ပြောပြခဲ့တယ်။

ဒီလို ဆွေးနွေးပွဲကို တဖက်သတ် ဖျက်သိမ်းလိုက်တဲ့အခါမှာ ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင့်က ဒီလို ဆွေးနွေးပွဲကို ဖျက်သိမ်းလိုက် တာဟာ ဗမာပြည် ပြည်သူလူထုကြားရရင် အလွန်စိတ်ထိခိုက် ဝမ်းနဲ ကြလိမ့်မယ်။ မဆလပါတီ ဗဟိုကော်မတီနဲ့ တဖက်ကိုယ်စားလှယ်အဖွဲ့ ကလဲ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက် ရေးအတွက် ထပ်မံ နည်းလမ်း ရှာဖွေကြရန်၊ နောက်ထပ် စေ့စပ် ဆွေးနွေးပွဲ ပြုလုပ်နိုင်အောင် ကြိုးစားကြရန် တင်ပြခဲ့ပါတယ်။

## ၄။

ရဲဘော်တို့။
မိတ်ဆွေတို့။
ပြည်သူလူထုအပေါင်းတို့။

အခုတကြိမ် စေ့စပ်ဆွေးနွေးပွဲအတွင်း ဖြစ်ပျက်ခဲ့တဲ့ တချို့ ဖြစ်ရပ်များနဲ့ စေ့စပ်ဆွေးနွေးပွဲအတွင်းမှာ တဖက်ကတင်ပြတဲ့ အချက် တချို့ရဲ့ အနှစ်သာရကို ပြည်သူလူထုတရပ်လုံး ရှင်းရှင်း လင်းလင်း ပြတ်ပြတ်သားသား မြင်နိုင်အောင် ကျွန်တော် တင်ပြလိုပါတယ်။

## (က) နှစ်ဖက် အပစ်အခတ် ရပ်စဲရေး။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်နဲ့ ဦးနေဝင်းတို့ နှစ်ဦးချင်း ဆွေးနွေးစဉ်အခါက ခိုင်မာတဲ့အချက်တွေနဲ့ စေ့စပ်ဆွေးနွေးနေတဲ့ ကာလမှာ နှစ်ဖက် အပစ်အခတ်ရပ်စဲထားဘို့ လိုအပ်တဲ့အကြောင်းကို ကျွန်တော် ဦးနေဝင်းအား အများကြီး ပြောပြခဲ့ပါတယ်။

ဥပမာ၊ ၁၉၆၃ ခုနှစ် စေ့စပ်ဆွေးနွေးစဉ်အခါတုန်းက စေ့စပ်ဆွေးနွေးနေတုန်းမှာ ရဲဘော် စိုးသန်း တာဝန်ယူနေရတဲ့ မြစ်ဝကျွန်းပေါ်တိုင်း၊ ဟင်္သာတခရိုင်မှာ အစိုးရတပ်မှ ဗိုလ်မှူးတဦး ခေါင်းဆောင်ပြီး ကျွန်တော်တို့တပ်တွေကို လာတိုက်ခဲ့တယ်။ ရဲဘော် စိုးသန်းတို့ကလဲ တော်လှန်ရေးသတိရှိရှိနဲ့ အဆင်သင့် ပြင်ဆင်ထားခဲ့တဲ့အတိုင်း ကျွန်တော်တို့တပ်တွေက ပြန်လှန်တိုက်ခိုက်လိုက်တော့ ဒီ ဗိုလ်မှူးနဲ့တကွ တချို့တပ်သားများ ကျဆုံးခဲ့ကြတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စစ်အစိုးရဘက်က တော်တော့ကို ပြင်းထန်တဲ့ခံစားမှု ရှိပြီး စေ့စပ်ဆွေးနွေးရေးကို ကြီးကြီးမားမား ထိခိုက်လာနိုင်တဲ့အထိ ဖြစ်ခဲ့တယ်။

အဓိပ္ပာယ်ကတော့ စေ့စပ်ဆွေးနွေးရေးလုပ်နေတဲ့ အတောအတွင်းမှာ နှစ်ဖက်စလုံး စိတ်အနှောင့်အယှက်မရှိဘဲနဲ့ စေ့စပ်ဆွေးနွေးရေးကို အောင်မြင်အောင် ကြိုးစားနိုင်ဘို့အတွက် နှစ်ဖက် အပစ်အခတ်ရပ်ထားတာ အကောင်းဆုံးဘဲလို့ ကျွန်တော်တို့ ယူဆလို့ ဒီလို ပြောခဲ့တာဘဲ။ မကျသင့်တဲ့သွေး၊ မသေသင့်တဲ့ တပ်မှူး တပ်သားများကို သွေးမြေမကျစေချင်လို့၊ မလိုလားအပ်ဘဲနဲ့ မသေစေချင်လို့ဘဲ။

ဒါပေမဲ့ ဦးနေဝင်းဆီက ပြန်လာတဲ့စာမှာ စစ်အစိုးရကို တဖက်သတ် စစ်အရပ်ခိုင်းထားသလို အဓိပ္ပာယ်ပါနေတယ်။ အမှန်က နှစ်ဖက်စလုံး ကျွန်တော်တို့ဘက်ရော၊ ဦးနေဝင်းတို့ဘက်ရော စစ်ရပ်

ဆိုင်းထားဘို့ ဖြစ်ပါတယ်။ စစ်ရပ်စဲထားရင် သူတို့ရဲ့ စစ်ရေးလှုပ်ရှားမှုကို ထိခိုက်မယ်လို့ ပြောတယ်။ ဒါဖြင့်ရင် ကျွန်တော်တို့ဘက်က စစ်ရပ်စဲထားရင်လဲ ကျွန်တော်တို့ဘက်က စစ်ရေးလှုပ်ရှားမှုတွေ မထိခိုက်ဖူးလား။ သူတို့ဘက်ကသာ စစ်ရပ်စဲ၊ ကျွန်တော်တို့ဘက်က တိုက်မယ်ဆိုတာဟာ တရားမျှတမှု မရှိသလို၊ ကျွန်တော်တို့ဘက်ကသာ စစ်ရပ်စဲ၊ သူတို့ဘက်က တိုက်မယ်ဆိုရင်လဲ တရားမျှတမှု မရှိပါဘူး။ ဒါကြောင့် နှဂိုကတဲ့က အကြံပေးတာက နှစ်ဖက်စလုံး စေ့စပ် ဆွေးနွေးနေတဲ့အတွင်းမှာ စစ်ရပ်စဲထားဘို့ အဆိုပြုခဲ့တာ ဖြစ်ပါတယ်။ ဦးနေဝင်းရဲ့စာထဲမှာ အပစ်အခတ်ရပ်စဲရင် ကျွန်တော်တို့တပ်နဲ့ ကျွန်တော်တို့ နေတဲ့ နေရာများကို အသိအမှတ်ပြုရာ ကျသလိုဖြစ်နေတဲ့အတွက် အပစ်အခတ်ရပ်စဲရေး မလုပ်နိုင်ပါလို့လဲ ပါပါတယ်။ တကယ်ကတော့ နှစ်ဖက် စေ့စပ်ဆွေးနွေးတယ်ဆိုတာဟာ နှစ်ဖက်စလုံးက မကြိုက်တဲ့ဟာတွေကို စေ့စပ်ဆွေးနွေးပွဲအတွင်းမှာ ယာယီ အသိအမှတ် ပြုထားကြရစမြဲဘဲ။ ဥပမာ၊ ၆၃ ခုနှစ်တုန်းက စေ့စပ်ဆွေးနွေးပွဲအတွင်းမှာ ဟသာတကိစ္စမှအပ နှစ်ဖက်စလုံး အပစ်အခတ် ရပ်စဲထားကြတာဘဲ မဟုတ်လား။ ဟိုတုန်းကတောင် ဒီလို လုပ်နိုင်ရင် အခု ဘာကြောင့် ဒီလို မလုပ်နိုင်တာလဲ။

ဒီနေရာမှာ ဦးနေဝင်းကို ပြောချင်ပါတယ်။ ကျွန်တော်တို့က နှစ်ဖက် အပစ်အခတ်ရပ်စဲရေးကို တင်ပြပေမဲ့ ခင်ဗျားတို့က သဘောမတူခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ထက် အချိန်စောပြီး ခင်ဗျားတို့နဲ့ စေ့စပ်ဆွေးနွေးရေးလုပ်နေတဲ့ ကျွန်တော်တို့မဟာမိတ် လက်နက်ကိုင် အဖွဲ့အစည်း တခုကိုတော့ ခင်ဗျားတို့က ဖြောင် မကျေညာပေမဲ့ နားလည်မှုနဲ့ နှစ်ဖက် အပစ်အခတ်ရပ်ဆိုင်းထားတယ်။ ဒါက ဘယ်လို သဘောလဲ။ ကျွန်တော်တို့အနေနဲ့ ရှင်းနေတာကတော့ ကျွန်တော်တို့

မဟာမိတ် လက်နက်ကိုင်အဖွဲ့အစည်းကို ခင်ဗျားတို့ဘက်ကိုရအောင် ဆွဲပြီး၊ ကျွန်တော်တို့ ပါတီကို အဓိက ဦးတည် တိုက်ဖို့ အတွက် ကျွန်တော်တို့မဟာမိတ် လက်နက်ကိုင်အဖွဲ့အစည်းနဲ့ ကျွန်တော်တို့ကို ခွဲပစ်တာဘဲ။ ဒီလိုလုပ်တာဟာ ခင်ဗျားတို့ဘက်က သဘောထား မမှန်ဘူးဆိုတာ ထင်ရှားနေတယ်။

## (ခ) လျို့ဝှက်ဆွေးနွေးရေးဆိုတဲ့ ကိစ္စ။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးနေဝင်းနဲ့ ကျွန်တော် နှစ်ဦးချင်း ဆွေးနွေးစဉ် အခါက ကျွန်တော် ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပါတယ်။ ဦးနေဝင်းတို့အနေနဲ့ ကျွန်တော်တို့နဲ့ ပြောင်ဆွေးနွေးတာကို အလွန် ကြောက်နေတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ကျွန်တော်တို့ အနေနဲ့တော့ ပြောင်ဆွေးနွေးတာကို ပိုကြိုက်တယ်။ ပြောင် ဆွေးနွေးတာဖြစ်စေ၊ လျို့ဝှက်ဆွေးနွေးတာဖြစ်စေ နှစ်ခုစလုံးကို ကျွန်တော်တို့ မကြောက်ဖူး။ ဒါကြောင့် ကျွန်တော် ဦးနေဝင်းကို အဆိုပြုခဲ့တဲ့အထဲမှာ ဦးနေဝင်းတို့ဘက်က လုပ်နိုင်တဲ့ လျို့ဝှက် ဆွေးနွေးပွဲမှ စတင်ပြီး ဆွေးနွေးရန်၊ ဒီတခါ မအောင်မြင်သေးရင် နောက်တခါ ဆက်ဆွေးနွေးရန်၊ အကြိမ်ကြိမ် ရေရှည်ဆွေးနွေးပြီး အောင်မြင်တဲ့အခါ တိုင်းပြည်သို့ ထုတ်ပြန်ရန် ဆိုတာကို ကျွန်တော် တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ ဦးနေဝင်းတို့ဘက်က ကျွန်တော်တင်ပြသလို အပြည့်အစုံမသုံးဘဲ ယခု လျို့ဝှက်ဆွေးနွေးရန် ဆိုတာကိုဘဲ သုံးခဲ့ ကြတယ်။

ဦးနေဝင်းရဲ့ မေလ ၁၄ ရက်နေ့ မိန့်ခွန်းမှာ ကျွန်တော်တို့နှစ်ဦး နားလည်ထားတဲ့ သဘောထားကို တဖက်သတ် ဖျက်ဆီးပစ်ပြီး ဆွေးနွေးပွဲကို အပြီးအပိုင် ဖျက်သိမ်းကြောင်း ကျေညာခဲ့တယ်။

## (ဂ) ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ရဲ့ ဒုတိယ တင်ပြချက်။

ဦးနေဝင်းရဲ့ မေလ ၁၄ ရက်နေ့ မိန့်ခွန်းထဲက အပိုဒ် ၆ မှာ "သခင်ဗသိန်းတင်တို့ဘက်မှ ၎င်းတို့ ပထမတင်ပြသည့် ××× ဆိုသည့် အချက် ၃ ချက်ကို ဆုပ်ကိုင်ထားတာ တွေ့ခဲ့ရပါတယ်" လို့ ပြောထားပါတယ်။

ဒါပေမဲ့ ဒု-ဥက္ကဋ္ဌ ရဲဘော်ဖေတင့် ခေါင်းဆောင်တဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ဟာ ဒုတိယ တင်ပြချက်တခုကိုလဲ ဆွေးနွေးပွဲမှာ အဆို ပြုခဲ့ပါတယ်။ ဒီကိစ္စကိုတော့ စစ်အစိုးရ ဘက်က လုံးလုံး မပြောဘူး။ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ရဲ့ ဒုတိယ တင်ပြချက်ဟာ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေး အတွက် ကောင်းမွန်တဲ့ နှစ်ဖက် လက်ခံနိုင်တဲ့ ကျွန်တော်တို့ ပျော့ပျောင်းစွာ လိုက်လျောထားတဲ့ ပုံကြမ်း အချက်အလက်တွေ ဖြစ်ပါတယ်။

ဒီလို ဒုတိယတင်ပြချက်ကို လုံးလုံးမပြောဘဲထားတဲ့ အချက်ဟာ တကယ့် ဖြစ်ရပ်အတိုင်း အဖြစ်မှန်ကို မပြောဘဲ ကိုယ်အကျိုးရှိတဲ့ အပိုင်းကို ဖော်ပြ၊ ကိုယ်အကျိုးမရှိတဲ့ အပိုင်းကိုတော့ မဖော်ပြဘဲ ကွယ်ဝှက်ထားတာဟာ သူတို့ ပြောပြောနေတဲ့ "အရှိ အရှိအတိုင်း ကြည့်ရမယ်" ဆိုတာကို သူတို့ ပြန်ဆန့်ကျင်နေတာ မဟုတ်ဖူးလား။

## (ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ။

ဦးနေဝင်းနဲ့ ကျွန်တော် ပထမတကြိမ်တွေ့ကတဲကစပြီး အခု ဒုတိယအကြိမ် ဆွေးနွေးပြီးတဲ့အထိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကြောင့်လို့ အကြောင်းပြပြီး ကျွန်တော်တို့ တင်ပြချက်တွေကို ပယ်ချခဲ့ပါတယ်။

ဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဆိုတာနဲ့ ပတ်သက်ပြီး နဲနဲ ပြောပါရစေ။

ဒုတိယအကြိမ် နှစ်ဖက် ကိုယ်စားလှယ် ဆွေးနွေးပွဲမှာလဲ ကျွန်တော်တို့ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က ပြည်သူလူထု အတွက် အကျိုးရှိမယ်ဆိုရင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်နိုင်ပါတယ်လို့ ပြောခဲ့ပြီးပြီ။ ကျွန်တော် ထပ်ပြီး ပြည်သူလူထုကို တင်ပြချင်တာက၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုတာ မိုးပေါ်က ကျလာတာလဲ မဟုတ်ဖူး။ မြေကြီးထဲက ထွက်လာတာလဲ မဟုတ်ဖူး။ လူလုပ်ထားတဲ့ ကိစ္စဘဲ။ လူလုပ်ထားတဲ့ကိစ္စကို လူက ဘာဖြစ်လို့ ပြန်ပြင်လို့ မရဘဲ နေမှာလဲ။

ဥပမာ၊ သူတို့စစ်တပ်က ၁၉၆၂ ခုနှစ်မှာ ဦးနုထံမှ အာဏာ သိမ်းတဲ့ အခါတုန်းက ၄၇ ခုကတဲက ဖဆပလ က ရေးဆွဲအတည်ပြု ထားခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို သူတို့ဖျက်သိမ်းခဲ့တာဘဲ မဟုတ်လား။ တခြား တိုင်းပြည် အသီးသီးမှာလဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုတာ လိုအပ်လာရင် ပြင်ဆင်ရစမြဲဘဲ ဖြစ်တယ်။ ကမ္ဘာတည်တဲ့ မပြင်ဆင်နိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဆိုတာဟာ လူ့ လောကမှာ မရှိပါဘူး။ ကာလ၊ ဒေသ၊ အခြေအနေ ပြောင်းလဲလာ သလောက် ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့တကွ တခြားဟာတွေလဲ ပြောင်းလဲ ကြရတာဘဲ မဟုတ်လား။ သူတို့ကိုယ်တိုင်လဲ သူတို့လူတန်းစားအကျိုး အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံထဲမှာ ဟိုဟာကလေး ပြင်လိုက်၊ ဒီဟာ ကလေး ပြင်လိုက် လုပ်နေကြတာဘဲ မဟုတ်လား။ ကာလ၊ ဒေသ၊ အခြေအနေ ပြောင်းနေရက်သားနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ တခြားဟာ တွေကို မပြောင်းလဲဘူးဆိုရင် ဒါဟာ ကြီးမားတဲ့ အမှားတခုကို ကျူးလွန်လိုက်တာဘဲ။ လောကကြီးတခုလုံးမှာ မပြောင်းလဲဘဲအရာ

ရယ်လို့ မရှိပါဘူး။ အရာရာဟာ အမြဲတမ်း ပြောင်းလဲနေတယ်ဆိုတဲ့ ဖြစ်ပေါ်တိုးပွားမှုတရားမှအပ ကျန်တဲ့ဟာတွေဟာ ထာဝရမတည်မြဲပါဘူး။

သူတို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြောင်းလဲဘို့ လိုအပ်နေတယ်လို့ အခု ကျွန်တော်တို့ ပြောနေတာက လူတစုအကျိုးအတွက် ပြောနေတာ မဟုတ်ပါဘူး။ ပြည်သူလူထုကြီး အကျိုးစီးပွားအတွက်သာလျှင် ပြောင်းလဲဘို့ လိုအပ်တယ်လို့ ပြောနေတာဖြစ်တယ်။ ဒါကြောင့် သူတို့ပြောပြောနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအရသာ လုပ်နိုင်တယ်ဆိုတာဟာ ဆင်ခြေမဲ့တဲ့ အကြောင်းပြချက်သာ ဖြစ်ပါတယ်။

## (င) ပါတီစုံ စနစ်။

ဒီကိစ္စမှာလဲ ကျွန်တော်တို့နဲ့ စစ်အစိုးရရဲ့အမြင်ဟာ အခြေခံအနေနဲ့ကို ကွာနေပါတယ်။ စစ်အစိုးရရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာဆိုရင် မဆလပါတီဟာ ဗမာပြည်မှာ တခုတည်းသောပါတီဖြစ်တယ်လို့ ရေးထားပါတယ်။ ဒုတိယအကြိမ် ဆွေးနွေးပွဲမှာ စစ်အစိုးရရဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်တွေက ဗမာပြည်ရဲ့ အတွေ့အကြုံ၊ ကမ္ဘာ့အတွေ့အကြုံအရ ပါတီစုံစနစ်ဟာ ဆိုးကျိုးကိုသာ ဖြစ်စေတယ်လို့ ပြောထားတာ ရှိပါတယ်။ အဲဒါ တကယ်ဟုတ်ရဲ့လား။ ကျွန်တော်တို့ လေ့လာ နားလည်နေတဲ့ သမိုင်းအတွေ့အကြုံကတော့ ဒီလိုမဟုတ်ပါဘူး။ အခု ကမ္ဘာမှာရှိနေတဲ့ ဆိုရှယ်လစ်နိုင်ငံအစစ်တွေမှာလဲ ပါတီပေါင်းစုံစနစ် ရှိတာဘဲ။ ဒါဟာ ဆိုးကျိုးမဖြစ်စေပါဘူး။ ဖြောင်းပြန်ဘဲ၊ ကောင်းကျိုးတွေ ဖြစ်စေပါတယ်။

ကျွန်တော်တို့ တပြည်လုံး အာဏာသိမ်းပိုက်ပြီးရင် ကျွန်တော်တို့ဟာ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ကေန်မုချဘဲ ထူထောင်ရပါ

လိမ့်မယ်။ ဒီ ပစ္စည်းမဲ့အာဏာရှင်စနစ် ဆိုတာဟာ တပါတီ အာဏာရှင်စနစ်နဲ့ မတူပါဘူး။ တခြားစီပါ။ တပြည်လုံး အာဏာသိမ်းပိုက်ပြီးတဲ့နောက် ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဆိုရှယ်လစ်တော်လှန်ရေးနဲ့ ဆိုရှယ်လစ်တူထောင်ရေးကို လိုလား ထောက်ခံတဲ့ လူတန်းစားအသီးသီးနဲ့ ဒီမိုကရေစီပုဂ္ဂိုလ်များကို သူတို့ ပါတီတွေဖွဲ့စည်းခွင့် ပေးရပါလိမ့်မယ်။ ဆိုလိုတာက ဗမာပြည်ကွန်မြူနစ်ပါတီဟာလဲ ဒီ ပါတီပေါင်းစုံနဲ့လက်တွဲပြီး ကျယ်ပြန့်တဲ့ တပ်ပေါင်းစုဖွဲ့ကာ ဆိုရှယ်လစ်တော်လှန်ရေး၊ ဆိုရှယ်လစ် တူထောင်ရေးကို အောင်မြင်အောင် ဆောင်ရွက်သွားရပါလိမ့်မယ်။

ဆိုရှယ်လစ်တော်လှန်ရေး ကာလမှာတောင် ပါတီပေါင်းစုံစနစ်လိုအပ်တယ်ဆိုရင် အခုအခါမှာ ဗမာပြည်မှာ ပါတီပေါင်းစုံစနစ်ဟာ ပိုပြီးတော့တောင် လိုအပ်ပါတယ်။

အခု စစ်အစိုးရက လုပ်ထားတဲ့ တပါတီ အာဏာရှင်စနစ်အရဆိုရင် တမျိုးသားလုံးရဲ့ စည်းလုံးညီညွတ်မှုကို ဘယ်နည်းနဲ့မှ မလုပ်နိုင်ပါဘူး။ စစ်အစိုးရကပြောနေတဲ့ ပါတီစုံစနစ်ဟာ အမျိုးသားသွေးစည်း ညီညွတ်မှုကို ပြိုကွဲစေတယ်ဆိုတာ လုံးဝ မမှန်ဘူး။ ပြောင်းပြန်ဘဲ၊ မဆလ တပါတီ အာဏာရှင်စနစ်ကြောင့် ပြည်တွင်းစစ်ဟာ ရှည်ကြာနေတယ်။ ဒီမိုကရေစီ အခွင့်အရေးတွေဟာ ဆိတ်သုဉ်းနေတယ်။ အမျိုးသား သွေးစည်းညီညွတ်မှုဟာ အစိတ်စိတ်အမွှာမွှာ ကွဲပြားနေတယ်။ ပြည်သူလူထုရဲ့ စား ဝတ် နေ ရေးဟာ အကြီးအကျယ် အခက်အခဲ တွေ့နေတယ် ဆိုတာတွေဟာလဲ ဗမာပြည်မှာ အခုဖြစ်နေတဲ့ တကဲ့ ဖြစ်ရပ်တွေဘဲ။ ဒါတွင် မကဘူး။ ဒီလို မဆလ တပါတီအာဏာရှင်စနစ်အောက်မှာ နယ်ချဲ့ကျူးကျော်မှု ဖြစ်ပေါ်လာခဲ့ရင် တမျိုးသားလုံးက သွေးစည်းညီညွတ်စွာ

ခုခံကာကွယ်နိုင်မဲ့ အင်အားရှိမှာ မဟုတ်ဖူး။ ဒါကြောင့် မဆလ တပါတီ အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ပါတီစုံစနစ်ကို ကျင့်သုံးပါလို့ စစ်အစိုးရကို တိုက်တွန်းလိုပါတယ်။

## (စ) ဆိုဗီယက်ဆိုရှယ်နယ်ချဲ့ကို အဓိကဆန့်ကျင်ရေး။

နိုင်ငံတကာ့နယ်ပယ်မှာ ဗိုလ်၂ဗိုလ်ဆန့်ကျင်ရေး၊ အထူးသဖြင့် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့ကို ဆန့်ကျင်ရေး၊ အရှေ့အာရှတောင်ပိုင်းမှာ ဗီယက်နမ် ဗိုလ်ကလေးကို ဆန့်ကျင်ရေး ဆိုတာဟာ မျက်မှောက် အခြေအနေမှာ ကျွန်တော်တို့ပါတီရဲ့ ပေါ်လစီ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ ဦးနေဝင်း နှစ်ဦးချင်း ဆွေးနွေးစဉ် အခါကလဲ ဆိုဗီယက် ဆိုရှယ်နယ်ချဲ့အန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါတယ်။ ဦးနေဝင်းအနေနဲ့လဲ သူအကြောက်ဆုံးဟာ ဆိုဗီယက်နဲ့ အမေရိကန်ဖြစ်တယ်လို့ ကျွန်တော့်ကို ပြောခဲ့ပါတယ်။

အခု ဒုတိယအကြိမ် နှစ်ဖက်ကိုယ်စားလှယ် ဆွေးနွေးပွဲမှာလဲ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ဆိုဗီယက်ဆိုရှယ်နယ်ချဲ့ ဆန့်ကျင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ ဦးနေဝင်း ကျွန်တော့်ကို ပြောသွားသလို၊တဖက် ကိုယ်စားလှယ်အဖွဲ့က ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ တခွန်းတပါဒမှ မဟာဘူး။ ရေငုံ နှုတ်ပိတ်နေတာ တွေ့ရတယ်။ ဒါဟာ ဘာသဘောလဲ။

(ဆ) ဆွေးနွေးပွဲနှစ်ကြိမ်ကို ချုပ်ကြည့်ရင် ဒီလို တွေ့ရပါတယ်။

၁။ ဦးနေဝင်းရဲ့ စစ်အစိုးရဟာ ပြည်တွင်းစစ်ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ တကယ်တမ်း မလိုလားသူတွေ ဖြစ်တယ်။

၂။ စေ့စပ်ဆွေးနွေးရေးကို တဖက်သတ် ဖျက်ဆီးသူတွေဖြစ်တယ်။
၃။ ဒီမိုကရေစီရေးကို ပိတ်ပင်တားဆီးသူတွေ ဖြစ်တယ်။
၄။ တမျိုးသားလုံး စည်းလုံးညီညွတ်မှုကို ဖြိုခွဲဖျက်ဆီးနေသူတွေ ဖြစ်တယ်။
၅။ ပြည်သူလူထုရဲ့ စား ဝတ် နေ ရေး ကို ပိုမို ကြမ်းတမ်းအောင် လုပ်နေသူတွေဖြစ်တယ်။
၆။ ကမ္ဘာ့ဗိုလ်၂ဗိုလ်၊ အထူးသဖြင့် ဆိုဗီယက် ဆိုရှယ်နယ်ချဲ့ရဲ့ ဗိုလ်ကျ စိုးမိုးရေးဝါဒကို လက်တွေ့ မဆန့်ကျင်သူတွေ ဖြစ်တယ်။
၇။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တကယ်တမ်း တက်တက်ကြွကြွ မလုပ်သူတွေဖြစ်တယ်။
၈။ ဗမာပြည်မှာ ပြည်တွင်းစစ် ဖြစ်နေတာကို ဆက်လက် ရှည်ကြာအောင် လုပ်နေသူတွေဖြစ်တယ်။

(ဇ) ပြောင်းပြန်အားဖြင့် ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဟာ
၁။ ပြည်တွင်းစစ် ရပ်စဲပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးကို တကယ် လိုလားသူတွေ ဖြစ်တယ်။
၂။ စေ့စပ်ဆွေးနွေးရေးကို စိတ်ရှည်လက်ရှည် စေတနာဖြူစင်စွာနဲ့ အပေးအယူလုပ်ကာ နိုင်ငံရေးအရ ဖြေရှင်းပြီး အောင်မြင်အောင် လုပ်ချင်သူတွေ ဖြစ်တယ်။

၃။ ဒီမိုကရေစီ အခွင့်အရေးကို အပြည့်အဝ ပြည်သူလူထုတွေ ခံစားနိုင်အောင် လိုလားကြသူတွေ ဖြစ်တယ်။

၄။ တမျိုးသားလုံး စည်းလုံးညီညွတ်မှုကို တည်ဆောက်နေသူတွေ ဖြစ်တယ်။

၅။ ပြည်သူလူထုရဲ့ စားဝတ်နေရေးကို မြှင့်တင်နိုင်အောင် လုပ်နေသူတွေ ဖြစ်တယ်။

၆။ ကမ္ဘာ့ဗိုလ်ကျဗိုလ်၊ အထူးသဖြင့် ဆိုဗီယက် ဆိုရှယ်နယ်ချဲ့ရဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်နေသူတွေ ဖြစ်တယ်။

၇။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တကယ်တမ်း တက်တက်ကြွကြွ တိုက်ပွဲဝင်နေသူတွေ ဖြစ်တယ်။

၈။ ဗမာပြည်မှာ ပြည်တွင်းစစ် ဖြစ်နေတာကို အမြန်ဆုံး ရပ်စဲနိုင်အောင် ကြိုးပမ်းနေသူတွေ ဖြစ်တယ်။

၅။

(က) အခု လက်ရှိ စစ်အစိုးရ အပါအဝင် အဆက်ဆက် ဖြစ်တဲ့ ဖောက်ပြန်ရေး အစိုးရတွေဟာ ကျွန်တော်တို့ ပါတီ၊ တပ်မတော်နဲ့ အခြေခံဒေသများကို ဖျက်သိမ်းပစ်ဖို့ အကြိမ်ကြိမ် တောင်းဆိုခဲ့ကြတယ်။ ဒီလို တောင်းဆိုတာဟာ ကျွန်တော်တို့ကို အကြွင်းမဲ့ လက်နက်ချခိုင်းတာဘဲ။ ဒါကြောင့် ဒီလို လက်နက်ချခိုင်းတာမျိုးကို ကျွန်တော်တို့ အနေနဲ့ ခုလဲ လက်ခံမှာမဟုတ်။ နောင်လဲ လက်ခံမှာ

မဟုတ်ဖူးဆိုတာကို ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနဲ့ ဗဟိုစစ်ကော်မရှင် ကိုယ်စား ကျွန်တော် ပြတ်ပြတ် သားသား ကြေညာပါတယ်။

(ခ) ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ တခြား ကွန်မြူနစ်ပါတီတွေလိုဘဲ စစ်ကို မလိုလားပါဘူး။ ကျွန်တော်တို့ ကွန်မြူနစ်တွေဟာ သွေးဆာနေသူတွေ မဟုတ်ပါဘူး။ ၁၉၄၈ ခုနှစ်မှာ ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို စတင်ဖန်တီးခဲ့တာဟာ ကျွန်တော်တို့ မဟုတ်ပါဘူး။ ကျွန်တော်တို့က နိုင်ငံရေးအရ ဖြေရှင်းချင်တဲ့ ပြဿနာတွေကို အဆက်ဆက်ဖြစ်တဲ့ ဖောက်ပြန်တဲ့ အစိုးရတွေဟာ ဖောက်ပြန်တဲ့ ပြည်တွင်းစစ်နဲ့ ဖြေရှင်းဘို့ ကြိုးစားခဲ့ကြတယ်။

ဒီလို အခြေအနေအောက်မှာ ကျွန်တော်တို့ဟာ မလွဲမရှောင်သာဘဲ ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့ ခုခံကာကွယ်ဘို့အတွက် တော်လှန်တဲ့ ပြည်တွင်းစစ်နဲ့ တုန့်ပြန် တိုက်ခိုက်နေရသူတွေ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ဒီ ၃၃နှစ် ကျော် အတွင်းမှာ အကြိမ်ကြိမ် ပြည်တွင်းစစ်ကို ရပ်စဲဘို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အဆက်ဆက် ဖြစ်တဲ့ ဖောက်ပြန်တဲ့ အစိုးရတွေဟာ ကျွန်တော်တို့ရဲ့ ကြိုးပမ်းချက်တွေကို တဖက်သတ် ဖျက်ဆီးခဲ့ကြပါတယ်။

စစ်အစိုးရဟာ စေ့စပ်ဆွေးနွေးရေးကို တဖက်သတ် ဖျက်ဆီးပြီးတဲ့နောက်၊ စစ်ရေးအရ ကျွန်တော်တို့ကို ပိုမို အားသွန် တိုက်ခိုက်လာမယ်ဆိုတာ ကျွန်တော်တို့ မျှော်မှန်းထားပါတယ်။ မျှော်မှန်းထားတဲ့အတိုင်းဘဲ၊ မေလ ၁၄ရက်နေ့မှာ စေ့စပ်ဆွေးနွေးရေးကို အပြီးအပိုင် ဖျက်သိမ်းလိုက်တယ်လို့ ကြေညာပြီးတဲ့ နောက်၊ မေလ ၂၆ ရက်

နေ့မှာ ကျွန်တော်တို့ရဲ့ မြောက်ပိုင်း ဗဟိုဌာနခွဲ နယ်တွေစခန်းကို လာတိုက်ခဲ့ကြတယ်။ ကျွန်တော်တို့ ပြန်လှန်ခုခံ တိုက်ခိုက်လိုက်တဲ့ အတွက်ကြောင့် ရန်သူ့ အလောင်း များစွာ ကျန်ခဲ့ပြီး၊ အံမြောက်အမြား ဒဏ်ရာရခဲ့ပါတယ်။ ရှေ့မှာလဲ ဒီ အဖြစ် အပျက်မျိုးဟာ ဖြစ်အုံးမှာပါ။

ဒါကြောင့် ပြည်သူလူထုကို အသိပေးထားလိုတာက စစ်အစိုးရဟာ ကွန်မြူနစ် ဆန့်ကျင်ရေး၊ ပြည်သူဆန့်ကျင်ရေး ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို ဆက်လက် လုပ်နေသမျှကာလပတ်လုံး၊ ဦးနေဝင်းက ဆွေးနွေးပွဲကို အပြီးအပိုင် ဖျက်သိမ်းလိုက်တယ်လို့ ဆိုထားစေကာမူ ကျွန်တော်တို့ပါတီဟာ ပြည်တွင်းစစ်ကို ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရေးအတွက် စေ့စပ်ဆွေးနွေးဘို့ ဆက်လက် ထုတ်ဖော် တင်ပြ အကောင်အထည်ဖော်နိုင်ဘို့ ကြိုးစားသွားပါမယ်။

တချိန်တည်းမှာ စစ်အစိုးရက ကျွန်တော်တို့ကို စစ်ရေးအရ လာတိုက်နေသမျှ ကျွန်တော်တို့ဟာ မိမိကိုယ်ကို ကာကွယ်ရေးမူအရ စစ်အစိုးရရဲ့ ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို ကျွန်တော်တို့ရဲ့ တော်လှန်တဲ့ ပြည်တွင်းစစ်နဲ့ ရင်ဆိုင်သွားရပါလိမ့်မယ်။

တချိန်တည်းမှာ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး အလံ၊ ဒီမိုကရေစီရေးအလံ၊ အမျိုးသား သွေးစည်းညီညွတ်ရေးအလံ ဒီအလံ ၃-ခုကို ဆက်လက် စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး ရှေ့သို့ ကျွန်တော်တို့ ချီတက်သွားကြမယ်။

အခု ကျွန်တော် ပြောသွားတဲ့ ရည်ရွယ်ချက်တွေ အတွက် ပြည်သူလူထုကြီး တရပ်လုံးဟာ လူတန်းစား မရွေး၊ လူမျိုး မရွေး၊

ဘာသာမရွေး စိတ်နှလုံး ညီညွတ်ပြီး ကျွန်တော်တို့နဲ့အတူ တိုက်ပွဲဝင်ရန် ပန်ကြားအပ်ပါတယ်။

ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးအတွက်
တိုက်ပွဲဝင်ကြ။

ပြည်သူတို့ရဲ့ ဒီမိုကရေစီအခွင့်အရေးအတွက်
တိုက်ပွဲဝင်ကြ။

အမျိုးသားသွေးစည်းညီညွတ်ရေးအတွက်
တိုက်ပွဲဝင်ကြ။

စစ်အစိုးရရဲ့ စစ်ရေးထိုးစစ်များကို မိမိကိုယ်ကို ကာကွယ်ရေး စစ်ဖြင့် ပြတ်ပြတ်သားသား တုန့်ပြန်တိုက်ခိုက်ကြ။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်
အဓွန့်ရှည်ပါစေ။

ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

၁၃၄၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်။
၁၉၈၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်။